ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည်ငါ့အားအကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 17 December 2024 ၁၁၆၇၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ချည်ထည်ခေတ်တစ်ခေတ်ပြောင်းလဲမှု၏အစဖြစ်

## အဆင့်မြင့်ချည်ထည်များထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်း မျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ China Texmatech Co., Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ မိတ္ထီလာမြို့နယ်မှ ရပ်မိရပ်ဖများ၊ စက်ရုံမှူး၊ စက်ရုံဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းမြတ်က စက်ရုံတည်ဆောက်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

ယနေ့ ဖတ်စရာ

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ** စာမျက်နှာ » ၈

**(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ** စာမျက်နှာ » ၁၄

**ပခုက္ကူမြို့နယ်၌ ဆေးရွက်ကြီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း** စာမျက်နှာ » ၂၀

ကြေးမုံ

# ပြည်သူလူထုဆန္ဒနှင့် လိုအပ်ချက်ကို နိုင်ငံတော်နှင့် လက်တွဲဖော်ဆောင်

မျက်မှောက်ကာလသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဖြစ်ပေါ်လာသောအခြေအနေနှင့် လိုအပ်ချက်အရ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်နေသော အရေးပေါ်ကာလဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်သည့် အချိန်မှစ၍ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ အဆင့်ဆင့်ချမှတ်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ အားလုံးတို့အတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကို ရည်မှန်းလျက် ကောင်းမွန်သည့်ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိရာ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်တို့ကို အထူးအလေးထားပြီး အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါအတိုင်း ကဏ္ဍအလိုက် ဟန်ချက်ညီညီ ရှေ့ဆက်ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ အကြောင်းကြောင်းကြောင့် ကျန်ရှိနေသည့်ဒေသများကို ဆက်လက်ကောက်ယူလျက်ရှိပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏တာဝန်ကို ဆောင်ရွက်လျက်ရှိရာ၌ ပြည်သူလူထု၏ လိုအပ်ချက်များကို အလေးထားအကောင်အထည်ဖော်ရာတွင် လူတိုင်းအသက်ရှင်သန်ရပ်တည်ရေးအတွက် စားဝတ်နေရေးသည် အခြေခံလိုအပ်ချက်ဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက် (၂)ရပ်အဖြစ် ချမှတ်ထားပြီး စိုက်ပျိုးရေးတွင် ဒေသနှင့်ကိုက်ညီသောထုတ်ကုန်များ ထွက်ရှိလာစေရေး၊ နိုင်ငံသားတိုင်း အကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ သမဝါယမနှင့်စက်မှုလက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး မတည်ရန်ပုံငွေများကို ခွင့်ပြုပေးထားသည်။

ယခုအခါ အဆိုပါမတည်ငွေကို တောင်သူဦးကြီးများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ သမဝါယမအသင်းများနှင့် စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူများသို့ ခွဲဝေပေးထားပြီး အကောင်အထည်ဖော်လုပ်ကိုင်လျက်ရှိသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို မြှင့်တင်ပေးခြင်းသည် လူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာစေမည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ အဓိကထုတ်ကုန်လုပ်ငန်းများ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးနေခြင်းသည် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏ စေတနာနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ တိုးပွားရှင်သန်စေရန်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့ဘောင်အသိုက်အဝန်း ဖြစ်ထွန်းလာစေရေးအတွက် ပညာရေးတွင် KG+9 အထိ မသင်မနေရသတ်မှတ်ပြီး အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်အတွင်းရှိ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အနာဂတ်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့် ပြည့်စုံသော အရည်အချင်းပြည့်ဝသည့်လူငယ်များ ပေါ်ထွက်လာရေးအတွက် အတတ်ပညာပြည့်ဝရေးသည် အဓိကကျသလို အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ် အယူအဆမှန်ကန်ရေးသည်လည်း မရှိမဖြစ်လိုအပ်သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတတ်ပညာ၊ အသိပညာ၊ ဗဟုသုတရှာမှီးနိုင်ရန် နိုင်ငံတော်က အလေးထားဖော်ဆောင်ပေးလျက်ရှိသည်။

ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးတွင် အခြေခံကျသည့် အုတ်မြစ်သည် တရားမျှတပြီး သိက္ခာရှိသော နည်းလမ်းကျန မှန်ကန်မှုရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးဖြစ်သည်။ သို့ဖြစ်ရာ မျှော်မှန်းထားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်၍ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူအားလုံးတို့က နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လေးစားစွာ တိုက်တွန်းအပ်ပါကြောင်း။ ။






## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၇၉၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၆-၁၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၈-၁၂-၂၀၂၄ ရက်နေ့ ည ၈:၀၀ နာရီမှ ၁၅-၁၂-၂၀၂၄ ရက်နေ့ ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၇၉၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသောလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"လက်နက်ကိုင် သောင်းကျန်းသူများရဲ့ အဓမ္မဆက်ကြေးကောက်လမ်းစဉ်ကို ဖဝါးထပ်လိုက်လာတဲ့အကြမ်းဖက် PDF တွေကြောင့် အညာဒေသမှတောင်သူများ ဒုက္ခရောက်နေ"** ခေါင်းစဉ်ဖြင့် ၁၈-၁၂-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးခေါင်းစဉ်ပြပြီး အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးသတ်ဖြတ်မှုများကို မစွန့်လွှတ်နိုင်သေးသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၂၀၀ | ၅၆၄ | ၄,၆၃၁,၈၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၆၀၂ | ၁,၈၉၆,၃၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၅၀ | ၄၁၀,၀၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၆၀၁ | ၁,၁၇၁,၉၅၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၆၀၀ | ၁,၈၀၀,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၉၂၇ | ၁,၅၇၄,၆၅၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၅၅၀ | ၂,၃၆၂,၀၀၀ |
| MAEX | ၃,၁၀၀ | ၃,၂၀၀ | ၁၀၅ | ၃၃၀,၀၀၀ |
| MADPL(PLB) | ၃,၂၅၀ | ၃,၂၅၀ | ၁ | ၃,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန့်တင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ မှတ်တမ်းရုပ်သံကို ကြည့်ရှုကြစဉ်။

❍ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ မှတ်တမ်းရုပ်သံကို ကြည့်ရှုကြသည်။

**ပြည်တွင်း၌ စိုက်ပျိုးနေသည့် ဝါမှ တန်ဖိုးမြင့်ကုန်ပစ္စည်းများ အဖြစ်ပြောင်းလဲထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် လူတို့အနေဖြင့် စတင်ဖြစ်တည်စဉ် ကတည်းကပင် စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် ကိစ္စရပ်ကြီးသုံးခုကို နေ့စဉ် မလွဲမသွေ ရင်ဆိုင်နေကြရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယင်းအရေးကိစ္စကို အဆင်ပြေစွာ ဖြေရှင်းနိုင်ရေး နိုင်ငံတော်တာဝန်စတင် ထမ်းဆောင်ချိန်ကတည်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို ခိုင်မာသည့်ကုန်ထုတ်လုပ်ငန်းများအဖြစ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့ကြောင်း၊ စား၊ ဝတ်၊ နေရေးတွင် ဝတ်ရေးဟူသည့် အဝတ်အထည်သည် လူသားများ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ အဝတ်အထည် အသုံးအဆောင်ဖူလုံရန်မှာ လူ့ဘဝ တစ်လျှောက် အရေးကြီးကြောင်း၊ ထို့ကြောင့် ပြည်တွင်းအဝတ်အထည် ဖူလုံစေရေးအတွက် ပြည်တွင်း၌ စိုက်ပျိုးနေသည့် ဝါမှ တန်ဖိုးမြင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့ကြောင်း။

ဝါစိုက်ပျိုးရေးနှင့် ပတ်သက်ပါကလည်း ၂၀၁၆ ခုနှစ်မှစ၍ ဝါစိုက်ပျိုးမှုနှုန်း လျော့ကျလာသည့်အခြေအနေကို သုံးသပ်ပြီး ဝါစိုက်ပျိုးနိုင်သည့် ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါမျိုးများ စိုက်ပျိုးရေးကို အားပေး ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဝါစိုက်ပျိုးရေးအောင်မြင်ရန် အခြေအနေကောင်းများ ရှိနေသော်လည်း ပြည်ပမှ နှစ်စဉ် ချည်နှင့်ပိတ်ထည်များကို ပမာဏများစွာ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးရေးကို အောင်မြင်အောင်ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီ ချည်ထည်များ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ချည်ထည်များကို အထည်ချုပ်လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပကို ပြန်လည် တင်ပို့ခြင်းဖြစ်စေ ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေ သုံးစွဲမှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ဖွင့်လှစ်နိုင်သည့်အတွက် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် ပြည်တွင်း၌ လိုအပ်နေဆဲဖြစ်သည့် အရည်အသွေး ကောင်းမွန်သည့် နိုင်ငံတကာအဆင့်မီ ချည်ချောများကို ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်ကို ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုကြောင်း။

တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)ကို ဝတ်ရေးဆိုင်ရာအထည်အလိပ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ပြည်ပမှ မှာယူတင်သွင်းမှု လျှော့နည်းစေရန်အတွက် တရုတ်-မြန်မာအစိုးရတို့အကြား သဘောတူညီချက်စာချုပ် ချုပ်ဆိုပြီး ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)ကို ၁၉၆၆-၁၉၆၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စက်ရုံကိုကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းပေးခဲ့ကြောင်း။

**စာမျက်နှာ ၄ သို့ ❍**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲမှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချော စက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❖ ယခု တည်ဆောက်တပ်ဆင်ပြီးစီးသည့် စက်ရုံသည် စက်စွမ်းအားပြည့် လည်ပတ်မည်ဆိုပါက တစ်ရက် ချည်ပေါင်ချိန် ၄၈၄၀၊ တန်အားဖြင့် နှစ်တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ၂/ ၈၀ ချည်ချောများကို ပြည်သူလူထုအတွက် လိုအပ်သည့် လုံချည်နှင့် ပိတ်များအဖြစ် ရက်လုပ်မည်ဖြစ်ပြီး ပိုလျှံသည့်ချည်များကို ပြင်ပဈေးကွက်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောတို့ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

○ စာမျက်နှာ ၃ မှ

မိမိ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တာဝန် စတင်ထမ်းဆောင်ခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင်လည်း တပ်မတော်အတွက်လိုအပ်သည့် စစ်ဝတ်ပစ္စည်းများ ဆက်လက်ထုတ်လုပ်နိုင်ရေး လိုအပ်သည့်စက်ပစ္စည်းများကို ဝယ်ယူပေးခဲ့ပြီး နိုင်ငံတကာ တပ်မတော်များနည်းတူ စစ်ဝတ်ပစ္စည်းများ အဆင့်မီစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် တပ်မတော်သားများအတွက် လိုအပ်သည့်ဝတ်စုံအမျိုးမျိုးအပြင် တပ်မတော်သားများနှင့် ပြည်သူများအတွက် လိုအပ်သည့် အခြားသောအထည်အလိပ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ စက်ရုံအဆင့်မြှင့်တင်ခြင်းများ၊ စက်အသစ်ပြောင်းလဲတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း အဆင့်မြင့် ၂/၈၀ ချည်များ မထုတ်လုပ်နိုင်သေးသည်ကို တွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် ၂/၈၀ ချည်များကို ပြည်တွင်းကထွက်သည့်ဝါများဖြင့် ထုတ်လုပ်နိုင်ရေး စက်ပစ္စည်းများကို ဖြည့်ဆည်းပေးခဲ့သည်မှာ ယခုဆိုပါက စတင်လည်ပတ်နိုင်ပြီဖြစ်ကြောင်း၊ ယခုတည်ဆောက် တပ်ဆင်ပြီးစီးသည့် စက်ရုံသည် စက်စွမ်းအားပြည့် လည်ပတ်မည်ဆိုပါက တစ်ရက် ချည်ပေါင်ချိန် ၄၈၄၀၊ တန်အားဖြင့် နှစ်တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ၂/၈၀ ချည်ချောများကို ပြည်သူလူထုအတွက် လိုအပ်သည့် လုံချည်နှင့် ပိတ်များအဖြစ် ရက်လုပ်မည်ဖြစ်ပြီး ပိုလျှံသည့်ချည်များကို ပြင်ပဈေးကွက်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း။

ယခု ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ချည်ထည်ခေတ်တစ်ခေတ် ပြောင်းလဲမှု၏ အစဖြစ်သည်ဟု ပြောလိုကြောင်း၊ မိမိတို့အနေဖြင့် အဆင့်မြင့်ချည်ထည်များထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဖက်ကလည်း ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့်အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် သဘာဝကပေးထားသည့် စိုက်ပျိုးရေးဆိုင်ရာအခြေခံကောင်းများကို အသုံးချပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုကုန်ထုတ် လုပ်ငန်းများကို

စာမျက်နှာ ၅ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

❍ စာမျက်နှာ ၄ မှ

ဆောင်ရွက်ကြရန် လိုကြောင်း၊ ဝါစိုက်ပျိုးရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ဝါစိုက်ပျိုးတောင်သူများအနေဖြင့် နိုင်ငံတော်၏ ဝါစိုက်ပျိုးမှု၊ ဝါထွက်ရှိမှုများ တိုးတက်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)က တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်သည့် စစ်ဝတ်ထည်ပစ္စည်းများကို ဝါဂွမ်းကုန်ကြမ်းမှ စစ်ဝတ်ကုန်ချောအထိ ထုတ်လုပ်ပေးနေသကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် ၂/၈၀ ချည်ချောစက်ရုံသည် နိုင်ငံ၏ အဝတ်အထည်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဆင့်မီအဝတ်အထည်နှင့် အထည်အလိပ်များကို ထုတ်လုပ်ပေးနိုင်မည့် မြန်မာ့အဝတ်အထည်လောကကို တစ်ခေတ်ဆန်းစေမည့် ဆောင်ရွက်ချက်များကို ယခုစက်ရုံကအစပြုပြီး တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံး၊ အထည်အလိပ်အထောက်အကူပြု MSME လုပ်ငန်းစဉ်များတစ်ခုလုံးက ဦးတည်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ China Texmatech Co., Ltd. မှတာဝန်ရှိသူတစ်ဦးက စက်ပစ္စည်းတပ်ဆင်မှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်ရုံမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စက်ရုံတည်ဆောက်ရာတွင်ပါဝင်ခဲ့သည့် CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား သစ်သီးခြင်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်ပြီး CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ဂါရဝပြုလက်ဆောင်ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စက်တပ်ဆင်ရေးလုပ်ငန်းများကို ဦးစီးကြပ်မတ်ဆောင်ရွက်ခဲ့သည့် Project Chief Engineer အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်ထုတ်လုပ်မှု အဆင့်ဆင့်ပြကွက်များနှင့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲမှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ကောင်စီဝင်

**❑ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)က တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်သည့်စစ်ဝတ်ထည်ပစ္စည်းများကို ဝါဂွမ်းကုန်ကြမ်းမှ စစ်ဝတ်ကုန်ချောအထိ ထုတ်လုပ်ပေးနေသကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် ၂/၈၀ ချည်ချောစက်ရုံသည် နိုင်ငံ၏အဝတ်အထည်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေမည်**

**❑ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဆင့်မီအဝတ်အထည်နှင့် အထည်အလိပ်များကိုထုတ်လုပ်ပေးနိုင်မည့် မြန်မာ့အဝတ်အထည်လောကကို တစ်ခေတ်ဆန်းစေမည့် ဆောင်ရွက်ချက်များကို ယခုစက်ရုံကအစပြုပြီး တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံး၊ အထည်အလိပ်အထောက်အကူပြု MSME လုပ်ငန်းစဉ်များတစ်ခုလုံးက ဦးတည်ဆောင်ရွက်**

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီဝင်ဗိုလ်ချုပ်ကြီး ညိုစောတို့က ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံနှင့် ချည်ဆေးဆိုး အလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့် ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် ဝတ်စုံများကိုချုပ်လုပ်ပေးလျက်ရှိသကဲ့သို့ ကျောင်းဝတ်စုံများ၊ အခြားနေ့စဉ်သုံးချည်ထည်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ဝတ်ရေးကို ပိုမိုအထောက်အကူပြုစေရန်နှင့် ပြည်တွင်းချည်ချောထုတ်လုပ်မှုများတိုးတက်စေရေး ဆောင်ရွက်လျက်ရှိချိန်တွင် ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ထပ်မံတိုးချဲ့တည်ဆောက် နိုင်ခဲ့ခြင်းဖြင့် ပြည်တွင်းရှိ အထည်အလိပ်နှင့် ပတ်သက်သည့် စက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်ရှိနေသည့် ချည်မျှင်နှင့်အထည်အလိပ်များကို အတိုင်းအတာတစ်ခုအထိ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ကြောင်းနှင့် သတ်မှတ်ထားသည့် အရည်အသွေးစံနှုန်းများအတိုင်း ပြည့်မီစွာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် တည်ထောင်ခြင်း (၁၁၅)နှစ်ပြည့် အထိမ်းအမှတ်ညစာစားပွဲ တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် တည်ထောင်ခြင်း (၁၁၅)နှစ်ပြည့် အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ကမ္ဘာအေးစေတီလမ်း LOTTE ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်၊ တိုင်းဒေသကြီးဝန်ကြီး များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia၊ တရုတ် ကောင်စစ်ဝန်ချုပ်၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအိုင်ထွန်း၊ အကြီးတန်း ဒုတိယဥက္ကဋ္ဌများနှင့် နာယကများ၊ ဖိတ်ကြားထားသူများနှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူ များက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ တရုတ်ကုန်သည် များအသင်းချုပ်၏ သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြပြီး နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် ပြည်ထောင်စုဝန်ကြီး များ၊ တက်ရောက်လာသူများနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်ဥက္ကဋ္ဌ၊ အကြီးတန်း ဒုတိယဥက္ကဋ္ဌများ၊ နာယကများ က စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသီချင်းဖြင့် အခမ်း အနားကို ဂုဏ်ပြုဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံ တရုတ် ကုန်သည်များ အသင်းချုပ်၏ သမိုင်းကြောင်း ဗီဒီယိုကို ကြည့်ရှု ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောက နှုတ်ခွန်း ဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြား သည်။

ယင်းနောက် မြန်မာနိုင်ငံ တရုတ် ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌ က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာကြ သည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြန်မာနိုင်ငံ တရုတ် ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌ က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန် ကလေးဆေးရုံကြီး၊ ဝေဘာဂီ အထူးကုဆေးရုံကြီးတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြ သည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌတို့က အမှတ်တရကိတ်မုန့် ကို လှီးဖြတ်ပေးခဲ့ကြသည်။

ညစာစားပွဲတွင် မြန်မာ-တရုတ် ချစ်ကြည်ရေး တေးသီချင်းများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြကြောင်း သိရ သည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် တည်ထောင်ခြင်း (၁၁၅)နှစ်ပြည့် အထိမ်းအမှတ် ညစာစားပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H. E. Ms. Ma Jia နှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည် များအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်းတို့ အမှတ်တရကိတ်မုန့် လှီးဖြတ်ပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် တက်ရောက်လာကြသူများ ခင်းကျင်းပြသ ထားသည့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၏ သမိုင်းကြောင်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာစဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ပထမအကြိမ် မြန်မာ-တရုတ်(ချုံချင့်) ယဉ်ကျေးမှုဖလှယ်ပွဲ ကျင်းပ

**ချုံချင့် ဒီဇင်ဘာ ၁၆**

မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချုံချင့်မြို့နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ချုံချင့်မြူနီစီပယ်မြို့ ယွီကျုံးခရိုင်အစိုးရတို့ပူးပေါင်း၍ “**အနုပညာ ဖြင့် ပေါင်းစည်းဆက်သွယ်-မြန်မာပြည်မှ ချုံချင့်သို့**”ခေါင်းစဉ်ဖြင့် ပထမအကြိမ် မြန်မာ-တရုတ်(ချုံချင့်) ယဉ်ကျေးမှုဖလှယ်ပွဲကို ဒီဇင်ဘာ ၁၄ ရက်က ချုံချင့်မြို့ရှိ အနုပညာပြဇာတ်ရုံ၌ ကျင်းပရာ အခမ်းအနား တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချုံချင့်မြို့ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် ယွီကျုံးခရိုင် ဒုတိယမြို့တော်ဝန် Mr. Lai Liang တို့က အဖွင့်မိန့်ခွန်းပြောကြားကြသည်။

အခမ်းအနားသို့ ချုံချင့်မြူနီစီပယ်မြို့ စီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် Mr. Zhang Yongwu ၊ ချုံချင့်နိုင်ငံခြားရေးရာဌာန၊ ယွီကျုံးနိုင်ငံခြားရေးရာဌာန၊ ချုံချင့်-ယွီကျုံး ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကော်မတီနှင့် အခြားအစိုးရဌာနများမှ ကိုယ်စားလှယ်များနှင့် ပြည်ပကောင်စစ်ဝန်ချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ် ဦးဆောင်သည့် မြန်မာ့သဘင်ပညာရှင် ၂၁ ဦးက မြန်မာ့ရိုးရာ ရုပ်သေး အက၊ နှစ်ပါးသွားအက၊ မြန်မာ့ကျောက်ဆည်ဆင်အက၊ ကျေးလက် အက၊ ဖျာပုံနန်းတွင်းရာမယနဇာတ်နှင့် မြန်မာ့ရိုးရာအတာသကြ္ကန် အကတို့ကို မြန်မာ့တူရိယာဆိုင်းဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တရုတ်ယဉ်ကျေးမှုအဖွဲ့ကလည်း ပါဝင်ဖျော်ဖြေခဲ့ကြကြောင်း သိရ သည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးအားဖူးမြော် အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ ဆရာမများနှင့်တွေ့ဆုံ

**စစ်တွေ ဒီဇင်ဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်တို့သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲဖနှင့် ဦးဇော်အေးမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင် စကြာမုနိဗုဒ္ဓရုပ်ပွားတော်အားဖူးမြော်ပြီး အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာဆရာမများနှင့်တွေ့ဆုံသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ စေတီတော်ဘက်စုံပြုပြင်နိုင်ရန် အလှူငွေများပေးအပ်လှူဒါန်းကြကာ လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် တည်ထားကိုးကွယ်ထားရှိသည့် မာရဝိဇယဆင်းတုတော်နှင့် အဘယရာဇမုနိ ဆင်းတုတော်နှစ်ဆူအတွက် စံကျောင်းတော်(၂) ဆောက်လုပ်နေမှုနှင့် နေပူခံကျောက်ပြားခင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။(**အပေါ်ပုံ**)



ဆက်လက်၍ လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် စကြာမုနိဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ အလှူငွေများ ထည့်ဝင်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်သို့သွားရောက်ပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် မိမိတို့ဆရာ ဆရာမများသည် အတတ်ပညာဆိုသည့် ဘာသာရပ် ကျွမ်းကျင်မှုအပြင် ကျောင်းသား ကျောင်းသူများကို စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ် အယူအဆ မှန်ကန်အောင် သင်ကြားပေးရမည် ဖြစ်ကြောင်း၊ ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းလာစေရေး အတွက် စေတနာ၊ မေတ္တာ၊ ကရုဏာထားပြီး သင်ကြားပေးကြသော ဆရာ ဆရာမကောင်းများ ဖြစ်နိုင်ကြပါစေကြောင်း၊ ဆရာ ဆရာမများသည် မိမိတို့ အသက်မွေးဝမ်းကျောင်းပညာဖြစ်သော မြင့်မြတ်သည့် ပညာသင်ကြားရေး လုပ်ငန်းကို အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ပြောကြားသည်။ (**အောက်ပုံ**)




ယင်းနောက် တက်ရောက်လာသည့် ဆရာ ဆရာမများက တာဝန်ထမ်းဆောင်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေနှင့် အခြေခံစားကုန်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုကာကွယ်စောင့်ရှောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ရန်ပုံငွေအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ရန်ပုံငွေ ထည့်ဝင်မှု ပါဝင်နိုင်စေရေး ဆောင်ရွက်ခြင်းဖြင့်လည်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သည့်ဒေသအလိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်သည့်အတွက် အကြံပြု ဆွေးနွေးသွားကြရန် လိုကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကော်မတီဝင် ဝန်ကြီးဌာနများအနေဖြင့်လည်း ပြည်သူများအတွက် မိမိတို့ ဆောင်ရွက်ပေးရမည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကြို့ပင်ကောက်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်လှစ်

**ကြို့ပင်ကောက် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရန်နိုင်စိုးက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် မီးငြိမ်းသတ်နည်းများ၊ ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များ၊ B A SET အသုံးပြုနည်းနှင့် ရှာဖွေကယ်ဆယ်ပစ္စည်းများအသုံးပြုနည်းတို့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးမင်းနိုင်နှင့် ဒုတိယမီးသတ်ဦးစီးမှူးတို့က စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၆ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

**လမ်းညွှန်မှာကြား**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရန်နိုင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီဘေးကြိုတင်ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့မစည်ပင်သာယာရေးဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ပွဲစဉ်များ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဘီလီယက်နှင့် စနူကာ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘီလီယက်ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က စနူကာ 6 Red Single ပြိုင်ပွဲ ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲ တတိယဆုရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်က စနူကာ 6 Red Double နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲ တတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုက 9 Ball Pool Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးက 9 Ball Pool Double နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်က အမျိုးသားမီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက အမျိုးသမီးမီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသားမီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က အမျိုးသမီးမီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်က အမျိုးသမီးသံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အမျိုးသား မာရသွန်အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်းက အမျိုးသားမီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အလုပ်သမားဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန **စာမျက်နှာ ၉ သို့** ☆



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး 9 Ball Pool Double နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ ရီမြာအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ ထက်ဝေယံအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။

☆ စာမျက်နှာ ၈ မှ

အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာညွန့်ဖေက အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အလုပ်သမား ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးမြင့်နောင်က အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ကာကွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင် များအား လည်းကောင်းတစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ၏ အမျိုးသား အမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲတွင် ရရှိခဲ့ သည့် စံချိန်ဟောင်းထက် ယခု ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် သာလွန် ကောင်းမွန်သည့် စံချိန်သစ်များရရှိ ခဲ့ကြသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ မောင်နိုင်လင်းထွန်း နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ မဇင်မေထက်တို့အား မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရိုန်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်တို့က မော်တော် ဆိုင်ကယ်တစ်စီးစီ အထူးဆု အနေဖြင့် ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို အလေးမ အားကစားရုံ၌ ကျင်းပရာ စစ်ကိုင်း တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး ၄၅ ကီလိုအလေးမပြိုင်ပွဲတွင်ပထမ ဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်း၊ ဒုတိယဆုရရှိသည့်မကွေး တိုင်းဒေသကြီးအသင်းနှင့် တတိယ ဆုရရှိသည့် ဧရာဝတီတိုင်းဒေသ ကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များ အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ၄၉ ကီလို အလေးမပြိုင်ပွဲတွင် ပထမ ဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသ ကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီ တိုင်းဒေသကြီးနှင့် တတိယဆုရရှိ သည့် ပဲခူးတိုင်းဒေသကြီးအသင်း တို့မှ ပြိုင်ပွဲဝင်များအား လည်း ကောင်း၊ဒုတိယဝန်ကြီး ဦးမင်းသူက အမျိုးသမီး ၅၅ ကီလိုအလေးမပြိုင် ပွဲတွင် ပထမဆုရရှိသည့် မကွေး တိုင်းဒေသကြီး၊ ဒုတိယဆုရရှိ သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်း ဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင် များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား ၅၅ ကီလိုအလေးမပြိုင်ပွဲတွင် ပထမဆု ရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲ ဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက အမျိုးသား ၆၁ ကီလိုအလေးမပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း တို့မှ ပြိုင်ပွဲဝင်များအား လည်း ကောင်း၊ အမျိုးသား ၆၇ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိ သည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ် နှင့် တတိယဆုရရှိသည့် မွန် ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များ အား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကို ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်း အောင်က အမျိုးသမီး ချန်းချွမ်ပြိုင် ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသား ချန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲ ဝင်များအားလည်းကောင်း တစ်ဦး ချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ် ချီးမြှင့်သည်။

ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမျိုးသမီး နန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ကချင် ပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲ ဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် က အမျိုးသား နန်းချွမ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ် ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်း အနားများကို ဒီဇင်ဘာ ၁၇ ရက် တွင် သက်ဆိုင်ရာ အားကစားရုံ များနှင့် အားကစားကွင်းများ၌ ဆက်လက် ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ မြင့်မြင့်အေးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထက်ရှိုင်းအောင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အမျိုးသား ၆၁ ကီလိုနှင့် ၆၇ ကီလို အလေးမပြိုင်ပွဲများ တွင် ဆုရရှိသူများအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့် အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ပပဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီးဦးအေးကျော်အမျိုးသမီးသံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပညာရေးဝန်ကြီးဌာနမှ နန်းဟွမ်းဆိုင်ခမ်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် အမျိုးသား နန်းချွမ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၁၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင် ကစားကြသည်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်ကစားကြစဉ်။

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အလိုက် ၁၆-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ**

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၆၂ | ၃၃ | ၂၈ | ၁၂၃ | |
| ၂ | ရှမ်း | ၂၅ | ၂၆ | ၃၄ | ၈၅ | |
| ၃ | စစ်ကိုင်း | ၁၉ | ၁၆ | ၁၉ | ၅၄ | |
| ၄ | မန္တလေး | ၁၅ | ၂၀ | ၂၈ | ၆၃ | |
| ၅ | ကချင် | ၁၄ | ၉ | ၁၆ | ၃၉ | |
| ၆ | တနင်္သာရီ | ၁၄ | ၆ | ၁၁ | ၃၁ | |
| ၇ | ဧရာဝတီ | ၁၁ | ၂၄ | ၂၅ | ၆၀ | |
| ၈ | မကွေး | ၁၁ | ၉ | ၁၅ | ၃၅ | |
| ၉ | ကရင် | ၆ | ၆ | ၂၄ | ၃၆ | |
| ၁၀ | ပဲခူး | ၅ | ၁၉ | ၂၂ | ၄၆ | |
| ၁၁ | မွန် | ၄ | ၉ | ၈ | ၂၁ | |
| ၁၂ | နေပြည်တော် | ၄ | ၄ | ၈ | ၁၆ | |
| ၁၃ | ရခိုင် | ၃ | ၁၁ | ၁၃ | ၂၇ | |
| ၁၄ | ချင်း | ၂ | - | ၆ | ၈ | |
| ၁၅ | ကယား | ၁ | ၄ | ၅ | ၁၀ | |
| | စုစုပေါင်း | ၁၉၆ | ၁၉၆ | ၂၆၂ | ၆၅၄ | |

**ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ**

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသား/အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ တန်းကျော် အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ကစားကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ အမျိုးသား/အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး နန်းချွမ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် အမျိုးသား ထိုက်ချီချွမ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ကောင်းသုတက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ ခေတ်မင်းခန့်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ လွှမ်းထက်အောင်က တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ထိုက်ချီချွမ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ နဒီမြင့်မိုရ်အောင်က ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဖူးဝေကိုက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ သက်လမင်းနွေးက တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာအမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ကရာတေးပြိုင်ပွဲ**

ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း TC-1 ကာရာတေးရုံ၌ ကျင်းပရာ အမျိုးသားတစ်ဦးချင်း “ခတ”ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မင်းနိုင်ငြိမ်းက ပထမ၊ ကယားပြည်နယ်မှ နိုင်လင်းထွဋ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပိုင်သက်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဘုန်းမြတ်ပိုင်စိုးတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း “ခတ” ပြိုင်ပွဲတွင် ကယားပြည်နယ်မှ မျိုးရတနာဦးက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကြည်နူးကမ္ဘေကျော်က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆုမြတ်သူနှင့် ကချင်ပြည်နယ်မှ လင်းစန္ဒာဌေးတို့က ပူးတွဲတတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

အမျိုးသား အသင်းလိုက် “ခတ”ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ ရှမ်းပြည်နယ်အသင်းက ဒုတိယ၊ ကချင်ပြည်နယ် အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ အမျိုးသမီး “ခတ”ပြိုင်ပွဲတွင်မန္တလေးတိုင်းဒေသကြီးအသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ အမျိုးသမီး ၆၁ ကီလိုအထက် “ကုမိတဲ့”ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပန်းအိဖြူက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ အိအိမိုးက ဒုတိယ၊ ကယားပြည်နယ်မှ ခရစ္စတင်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီးမှ ဆောင်းနှင်းဖြူတို့က ပူးတွဲ တတိယဆုကို လည်းကောင်း၊ အမျိုးသား ၅၅ ကီလိုအောက် “ကုမိတဲ့”ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ အာကာဗိုလ်က ပထမ၊ ရှမ်းပြည်နယ်မှ ဇွဲထက်အောင်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ နိုင်သိန့်ရှင်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီးမှ ပြည့်ဖြိုးအောင်တို့က ပူးတွဲ တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C )ရုံ၌ ကျင်းပရာ အမျိုးသား/အမျိုးသမီး မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ဘီလီယက်နှင့် စနူကာပြိုင်ပွဲ**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘီလီယက်နှင့် စနူကာပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘီလီယက်ရုံ၌ ကျင်းပရာ စနူကာ 6 – Red တစ်ဦးချင်း ပြိုင်ပွဲ၊ စနူကာ 6-Red နှစ်ယောက်တွဲ ပြိုင်ပွဲ၊ 9 Ball Pool တစ်ဦးချင်း ပြိုင်ပွဲ၊ 9 Ball Pool နှစ်ယောက်တွဲ ပြိုင်ပွဲ ဗိုလ်လုပွဲများကို ယှဉ်ပြိုင် ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စနူကာ 15 – Red တစ်ဦးချင်း ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးက ကချင်ပြည်နယ်မှ သက်ပိုင်ထက်ကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်မှ မျိုးသူရအောင်က ဧရာဝတီတိုင်းဒေသကြီးမှ စိုးမိုးကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်မှ သက်မှူးကြည်လှိုင်က ဧရာဝတီတိုင်းဒေသကြီးမှ ရဲထွဋ်ဦးကို သုံးပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းစျာန်ထက်က ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုအောင်ကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ဘီလီယက် နှစ်ယောက်တွဲ ကွာတားဖိုင်နယ် ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

စာမျက်နှာ ၁၁ သို့ »»

»»» စာမျက်နှာ ၁၀ မှ

စနူကာ 15 – Red နှစ်ယောက်တွဲ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**စားပွဲတင်တင်းနစ်ပြိုင်ပွဲ**

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ အမျိုးသားတင်းနစ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးစားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲ-နှစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃/၄)၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာန အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းကို လေးဂိုး-တစ်ဂိုး၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းက ပြန်ကြားရေး ဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-နှစ်ဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း သုံးယောက်တွဲ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပရာ အမျိုးသား သုံးယောက်တွဲ ပြိုင်ပွဲတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့ကြသည်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်းလိုက် တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို) ၌ ကျင်းပရာ အမျိုးသား တင်းနစ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အလေးမပြိုင်ပွဲရုံ၌ ကျင်းပရာ အမျိုးသား ၈၁ ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ခွန်မောင်ခင်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ရွှေထက်က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ နေလင်းဦးက တတိယဆုကိုလည်းကောင်း၊ အမျိုးသား ၈၉ ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ခိုင်မျိုးဦးက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဖြိုးဝေလင်းက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဝင်းသက်ထူးက တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်းလိုက်တင်းနစ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကို လာရောက်ကြည့်ရှုကြသူများအား တွေ့ရစဉ်။




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ရိုးရာခြင်းခတ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ကရာတေးဒိုပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား အလေးမပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်အောင်ထက်ဟိန်း ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း

ဓာတ်ပုံ- လင်းရာမ၊ အလင်းသစ်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ရိုးရာခြင်းခတ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘိလိယက်/ စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး အလေးမပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



ဒုတိယဝန်ကြီး ဦးရဲတင့် ပထမဆုရရှိသည့် ဦးမျိုးမင်းထိုက်(The Eagle)အား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် အထူးဆု(၅)ရရှိသည့် ဦးချမ်းသာ(မိတ္ထီလာ) အား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၆

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနစုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး (ကိုယ်စား) ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာတွင် ပြိုင်ပွဲကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသများနှင့် လူပုဂ္ဂိုလ်များစသည့် လွတ်လပ်ရေး၏အနှစ်သာရတို့ကို ပေါ်လွင်စွာ ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ရိုက်ကူးယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကဲဖြတ်ပေးကြသည့် ပညာရှင်ကြီးများက ဓာတ်ပုံတစ်ပုံ၏ ရိုက်ကွင်းရိုက်ကွက်၊ အယူအဆ၊ အလင်းအမှောင်၊ ဖော်ညွှန်းသည့်အကြောင်းအရာ၊ ဓာတ်ပုံကောင်းတစ်ပုံ၏ အင်္ဂါရပ်များနှင့်အညီ အကြိမ်ကြိမ်စိစစ်အကဲဖြတ်ပြီး ဆုရဓာတ်ပုံများအဖြစ် ရွေးချယ်သတ်မှတ် ပေးခဲ့ကြပါကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ဆန်းသစ်သည့် အနုပညာဖန်တီးမှုများနှင့်အတူ တွေ့မြင်ခဲ့ရပြီး ယခုကဲ့သို့ ဆုများချီးမြှင့်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုပြိုင်ပွဲတွင် မျိုးဆက်သစ်လူငယ်များလည်း ဝင်ရောက်ယှဉ်ပြိုင်လာကြသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပြုလုပ်ခြင်းသည် မျိုးဆက်သစ် လူငယ်ဓာတ်ပုံပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပြိုင်ပွဲတစ်ခုလည်းဖြစ်ပါကြောင်း၊ ဓာတ်ပုံတစ်ပုံသည် စာလုံးပေါင်းတစ်ထောင်နှင့် ညီမျှသည်ဟု ဆိုကြပါကြောင်း၊ စာလုံးပေါင်းတစ်ထောင်ရေးပြီး ပြောရမည့်အစား ဓာတ်ပုံတစ်ပုံရိုက်၍ ပြသလိုက်ခြင်းသည် ပိုမိုထိရောက်မှုရှိသည်ဟု နားလည်ရပါကြောင်း၊ ထို့ကြောင့် ဓာတ်ပုံအနုပညာမှတစ်ဆင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ချစ်စဖွယ်ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိနိုင်ငံ၊ မိမိဒေသကို မြတ်နိုးတန်ဖိုးထားစိတ်များ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သိရှိနားလည်နိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လှပသာယာသည့်ပုံရိပ်များအနက်မှ ဓာတ်ပုံပြိုင်ပွဲဝင်များက ရိုက်ကူးပုံဖော်ပေးခဲ့ကြသည့် ဓာတ်ပုံကောင်းများကို နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့် ဆောင်ရွက်ချက်များတွင် ဖော်ထုတ်ပြသပေးသွားမည်ဖြစ်ပါကြောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်များ အနေဖြင့်လည်း နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုသူများအဖြစ် ဂုဏ်ယူကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆုရွေးချယ်စိစစ်ရေးဒိုင်အဖွဲ့ဥက္ကဋ္ဌ ဒါရိုက်တာပန်းချီစိုးမိုးက ဆုများ ရွေးချယ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆု(၅)ရရှိသည့် ဦးချမ်းသာ(မိတ္ထီလာ)၊ အထူးဆု(၃)ရရှိသည့် ဦးကျော်နိုင်လင်း(လရိပ်ပြာ)နှင့် အထူးဆု(၂)ရရှိသည့် ဦးစည်သူအောင်(နန်းတော်ရှေ့)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က အထူးဆု(၁)၊ အထူးဆု(၄)နှင့် တတိယဆုတို့ရရှိသည့်ဦးချမ်းသာ(MDY)၊ ဒုတိယဆုရရှိသည့် ဦးဇာနည်ကိုကိုနှင့် ပထမဆုရရှိသည့် ဦးမျိုးမင်းထိုက် (The Eagle) တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ပထမဆုရရှိသည့် ဦးမျိုးမင်းထိုက်(The Eagle)က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အကဲဖြတ်ဒိုင်အဖွဲ့များနှင့် တာဝန်ရှိသူများက ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသည့် ဓာတ်ပုံများနှင့်ခင်းကျင်းပြသထားသောဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယခု "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင် ၁၆၃ ဦးက ဓာတ်ပုံပေါင်း ၅၉၉ ပုံပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

# သမဝါယမနှင့် လူ့အဖွဲ့အစည်း

မောင်မင်းဟိဏ်းခန့်
(သမဝါယမကောလိပ်-ဖောင်ကြီး)

> "လူမှုရေးအခက်အခဲများကို ဖြေရှင်းရန်အတွက် သမဝါယမသည် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည်။ ယနေ့ခေတ်တွင် လူမှုရေးပြဿနာများ ကြီးမားလာသည့်အတွက် အချင်းချင်းကူညီဖြေရှင်းရန် ကြိုးပမ်းမှုများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည်။ ဥပမာအနေဖြင့် ပိုမိုတိုးတက်လာသည့် လူနေမှုဘဝများ၊ ပညာရေးနှင့် ကျန်းမာရေးစနစ်များတွင် သမဝါယမ၏ အရေးပါမှုသည် အထောက်အကူပြု"

သမဝါယမသည် လူ့အဖွဲ့အစည်း၏တည်ငြိမ်မှုနှင့် တိုးတက်မှုအတွက် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။ သမဝါယမ၏ တစုတစည်းတည်း သဘောထားပေါင်းစပ်ခြင်း၊ သဘောတူညီမှုရှိခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းတို့သည် လူတစ်ယောက်ချင်းစီ၏ စိတ်ဝင်စားမှုကို ပေးစွမ်းနိုင်သည်။ ဤဆောင်းပါးတွင် သမဝါယမ၏ အရေးပါမှု၊ ယခင်တစ်ခါက အောင်မြင်ခဲ့သော နမူနာများနှင့် ယနေ့ခေတ် လုပ်ဆောင်ချက်များကို ဖော်ပြပါမည်။

**လူတစ်ယောက်ချင်းစီ၏အဆင်ပြေမှုနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်မှု**

လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် သမဝါယမသည် အလွန်အရေးပါသည်။ သမဝါယမသည် လူမှုရေးအခက်အခဲများကို ဖြေရှင်းစေနိုင်ပြီး လူတစ်ယောက်ချင်းစီ၏အဆင်ပြေမှုနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေနိုင်သည်။ သမဝါယမ၏အခြေခံနှင့် အဓိက အယူအဆမှာ စုပေါင်းသည့်စွမ်းအားဖြင့် အမြဲတမ်းအောင်မြင်စေခြင်းဖြစ်သည်။

သမဝါယမ၏ အောင်မြင်ခဲ့သော နမူနာများအနက်မှ လူ့အဖွဲ့အစည်းများ၏ စီးပွားရေးတိုးတက်မှုအတွက် ဂျပန်နိုင်ငံ ဖူကူခ(Fukuka)မှာရှိသော နမူနာသည် အထင်ကရဖြစ်ခဲ့သည်။ ဂျပန်နိုင်ငံသည် မျက်နှာစုံသော စီးပွားရေးအခက်အခဲများကို ဖြေရှင်းရန်အတွက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့သည်။

အထူးသဖြင့် Emersen ၏ နိုင်ငံရေးစနစ်သည်လည်း အောင်မြင်မှုများကို ဖော်ဆောင်ပေးခဲ့သည်။ သူ၏အယူအဆများအရ သမဝါယမသည် အုပ်ချုပ်မှုစနစ်တွင် အခြေခံထားသည့် ဖွဲ့စည်းမှုပုံစံတစ်ခုဖြစ်သည်။ ယင်းအယူအဆများသည် ပြည်သူတို့၏ ကောင်းမွန်သော ခိုင်မာမှုများကို သက်သေပြသည့် အဖြစ်အပျက်များကို ဖန်တီးပေးခဲ့သည်။ သမဝါယမ၏ အစောပိုင်းမှတ်တမ်းများတွင် လူ့အဖွဲ့အစည်းများက ယင်းတို့၏ လိုအပ်ချက်များနှင့် စိတ်ဆန္ဒများကို ဖြည့်ဆည်းရန် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို စတင်ပြုလုပ်ခဲ့သည်။

**သမဝါယမစနစ်**

အီဂျစ်နန်းဆက်ကာလ (Ancient Egypt) တွင်လည်း သမဝါယမစနစ်ကို မြင်တွေ့နိုင်သည်။ သမဝါယမစနစ်သည် အီဂျစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးနှင့် ဘာသာရေးလုပ်ငန်းများတွင် အထောက်အကူပြုခဲ့သည်။ ဖယ်ရိုအုပ်ချုပ်မှုအောက်တွင် အလုပ်သမားများသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ရောမနန်းဆက်ကာလ (Ancient Greece) တွင်လည်း သမဝါယမစနစ်ကို အသုံးပြုခဲ့သည်။ ဂရိတွင်ရှိသော ပလေတို (Plato)နှင့် အရစ္စတိုတယ် (Aristotle)တို့၏ အတွေးအခေါ်များသည် သမဝါယမစနစ်ကို ထောက်ခံခဲ့ကြသည်။ ပလေတို၏ The Republic စာအုပ်တွင် အကျိုးတူအမြတ်ရရှိမှုကို တင်ပြထားသည်။

အရှေ့တိုင်းနန်းဆက်များ (Acient Asian Dynasties) တွင်လည်း သမဝါယမစနစ်ကို တွေ့ရှိနိုင်သည်။ ဂျပန်၊ တရုတ်နှင့် အိန္ဒိယတို့တွင် သမဝါယမစနစ်ဖြင့် နိုင်ငံအတွင်းရှိ အခက်အခဲများကို ဖြေရှင်းခဲ့ကြသည်။ ဤစနစ်များသည် လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုခဲ့သည်။

၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်းတွင် ကမ္ဘာတစ်ဝန်း၌ သမဝါယမစနစ်ကို အသုံးပြုလာကြသည်။ သမဝါယမ၏ အပြန်အလှန်ညှိနှိုင်းမှု၊ အချင်းချင်းယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးမှုတို့ကြောင့် အဖွဲ့အစည်းများ၏ တည်ငြိမ်မှုနှင့် တိုးတက်မှုကို အထောက်အကူပြုခဲ့သည်။

ယနေ့ခေတ် စီးပွားရေးစနစ်အတွင်း သမဝါယမ၏ အရေးပါမှုသည် ပိုမိုပြင်းထန်လာသည်။ စီးပွားရေးလုပ်ငန်းများတွင် အချင်းချင်းယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုအခြေခံကာ လုပ်ငန်းများတည်ဆောက်ကြသည်။ သမဝါယမစနစ်သည် စီးပွားရေးအဖွဲ့အစည်းများအတွက် တည်ငြိမ်မှုနှင့် တိုးတက်မှုကို ရရှိစေသည်။

လူမှုရေးအခက်အခဲများကို ဖြေရှင်းရန်အတွက် သမဝါယမသည် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည်။ ယနေ့ခေတ်တွင် လူမှုရေးပြဿနာများ ကြီးမားလာသည့်အတွက် အချင်းချင်းကူညီဖြေရှင်းရန် ကြိုးပမ်းမှုများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည်။ ဥပမာအနေဖြင့် ပိုမိုတိုးတက်လာသည့် လူနေမှုဘဝများ၊ ပညာရေးနှင့် ကျန်းမာရေးစနစ်များတွင် သမဝါယမ၏ အရေးပါမှုသည် အထောက်အကူပြုသည်။

**တည်ငြိမ်မှုနှင့် တိုးတက်မှု**

ယနေ့ခေတ်တွင် သမဝါယမ၏ အနာဂတ် အလားအလာသည် ပိုမိုအရေးကြီးလာသည်။ နည်းပညာနှင့် စီးပွားရေးစနစ်များ၏ ဖွံ့ဖြိုးမှုသည် အလျင်အမြန် တိုးတက်လာသည့်အချိန်တွင် သမဝါယမ၏ အားသာချက်များကို ထိရောက်စွာ အသုံးချရန် အရေးကြီးပေသည်။ အနာဂတ်တွင် သမဝါယမသည် လူ့အဖွဲ့အစည်းများ၏ တည်ငြိမ်မှုနှင့် တိုးတက်မှုကို ပိုမိုထောက်ပံ့နိုင်ရန် လိုအပ်ပေသည်။

သမဝါယမသည် လူ့အဖွဲ့အစည်းများ၏ လိုအပ်ချက်များနှင့် ရည်မှန်းချက်များကို ဖြည့်ဆည်းရန် ဖွံ့ဖြိုးလာသောစနစ်တစ်ခုဖြစ်သည်။ အစောပိုင်းမှတ်တမ်းများတွင် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို အသုံးပြုလာပြီး ၁၈ ရာစုနှောင်းပိုင်းမှ စတင်ကာ သမဝါယမ၏ အားသာချက်များကို အသိအမှတ်ပြု၍ ပိုမိုဖွံ့ဖြိုးလာခဲ့သည်။ သမဝါယမ ပေါ်ပေါက်လာပုံကို သိရှိခြင်းသည် သမဝါယမ၏ အရေးပါမှုနှင့် အောင်မြင်မှုများကို နားလည်စေပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်ရန် အထောက်အကူပြုမည်သာ ဖြစ်ပါတော့သည်။ ။

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ကျုံပျော်ခရိုင်နှင့် ဟင်္သာတခရိုင်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး



ပုသိမ် ဒီဇင်ဘာ ၁၆

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ကျုံပျော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အတွင်း မြို့နယ်များရှိ စိုက်ပျိုးကေများတွင် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်အတွင်းရှိ မြို့နယ်များတွင် တစ်နှစ်ပတ်လုံး ဆီထွက်သီးနှံ စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးသီးနှံ ဧကများတွင် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး အချိန်မီ ဆောင်ရွက်သွားကြရန်နှင့် မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်တို့ကို ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာ လေးမျက်နှာမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေများတွင် စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ထားမှုများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

■

# လောင်းလုံးမြို့နယ်၌ ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦးကို နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့သည့် သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၆

တနင်္သာရီ တိုင်းဒေသကြီး လောင်းလုံးမြို့နယ် အင်းဖောက်




ကျေးရွာတွင် ဒီဇင်ဘာ ၁၃ ရက်က ဆိုင်ကယ် မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦးကို နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပစ်ခတ် သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အင်းဖောက်ကျေးရွာ အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ နစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် PDF အမည်ခံ အကြမ်းဖက်သမားများကို ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်သမားများ ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။ လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များ အနေဖြင့် အပြစ်မဲ့ပြည်သူများကို ပစ်ခတ် သတ်ဖြတ်ခြင်းမရှိဘဲ တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက မြေပြင်ဖြစ်စဉ်များနှင့် ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး နယ်မြေ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၄၀ | ၃၁၅၅ | ၃၁၂၀ | ၃၀၅၅ | ၃၁၆၀ | ၃၁၇၅ | ၃၁၉၅ | ၃၁၁၀ | ၄၅၀၅ | ၃၄၀၅ | ၃၁၃၀ | ၃၁၃၀ | ၃၂၀၀ | ၃၁၆၅ | ၃၁၉၀ | ၃၄၄၅ | ၃၉၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၆၅ | ၃၂၃၀ | ၃၁၆၅ | ၃၂၇၀ | ၃၂၈၅ | ၃၃၀၅ | ၃၂၂၀ | ၄၅၆၀ | ၃၅၁၅ | ၃၂၄၀ | ၃၂၄၀ | ၃၃၁၀ | ၃၂၇၅ | ၃၃၀၀ | ၃၅၅၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၅၉၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၀၅ | ၂၇၁၀ | ၂၇၂၅ | ၂၇၄၀ | ၂၆၆၀ | - | ၂၉၅၅ | ၂၆၈၀ | ၂၆၈၀ | ၂၇၅၀ | ၂၇၁၅ | ၂၇၃၅ | ၂၉၉၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၁၁၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၅ | ၃၂၈၀ | ၄၈၃၀ | ၃၅၇၅ | ၃၃၀၀ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၅ | - |
| HSD (10 ppm) | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၁၁၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၅ | ၃၂၈၀ | - | ၃၅၇၅ | ၃၃၀၀ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၁ | ၂၉၆၂ |
| 95 Ron | ၂၉၇၇ | ၃၀၇၁ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၃၀၃၅ | ၃၁၂၅ |
| HSD (10 ppm) | ၃၀၃၅ | ၃၁၂၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မုဒုံမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

မုဒုံ ဒီဇင်ဘာ ၁၆

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်လည်း မီးဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် မကြာခဏဆိုသလိုဖြစ်ပေါ်ကြုံတွေ့နေရသည့်အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများကို စနစ်တကျကိုင်တွယ် အသုံးပြုတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း အမှာ စကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားများအား တူညီဝတ်စုံများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကြကြောင်း သိရသည်။

အောင်မျိုးသူ (ပြန်/ဆက်)



# ပေါင်မြို့နယ်၌ မီးဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

ပေါင် ဒီဇင်ဘာ ၁၆

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မီးဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ကဒါရပ်ကွက် မင်္ဂလာဈေး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်ကိုကိုက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူး စနစ်တကျအသုံးပြုပုံ၊ မီးငြိမ်းသတ်နည်း၊ မီးလောင်မှုဖြစ်ပွားလာပါက မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ပူးပေါင်းလေ့ကျင့် ဆောင်ရွက်ကြသည်။

ထို့နောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပိတ်မိနေသူများအား ကယ်ထုတ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုခြင်း စသည့်ဇာတ်တိုက်လေ့ကျင့်ခြင်း လုပ်ငန်းများကို မီးသတ်တပ်ဖွဲ့ဝင်များ၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း ဆောင်ရွက်ကြကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ဆီးဂိမ်းကနေအာရှအဆင့်၊ အာရှအဆင့်ကနေ ကမ္ဘာ့အဆင့်ထိရောက်အောင် ဆက်လက်ပြီးကြိုးစားသွားမှာပါ

ဦးခင်မောင်ဝင်း

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

**တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ**
**အလင်းသစ်၊ လင်းရာမ**


ဦးခင်မောင်ဝင်း


မောင်မြတ်စည်သူ


မောင်အောင်ကျော်မိုး


မထက်ထက်ဝေ


ခွန်မောင်ခင်


မဝင်းယမုံ

**ဦးခင်မောင်ဝင်း**
**မြန်မာ့ရိုးရာခြင်းလုံးနည်းပြချုပ်**

အခုကျင်းပနေတဲ့ အမျိုးသားအားကစားပွဲတော်ရဲ့ မြန်မာ့ရိုးရာခြင်းလုံး အားကစားပြိုင်ပွဲ အမျိုးသားပြိုင်ပွဲမှာ ခြောက်ပေါက်တန်း၊ အမျိုးသမီးပြိုင်ပွဲမှာ လေးပေါက်တန်းဆိုပြီး နှစ်မျိုးယှဉ်ပြိုင်ပါတယ်။ အမျိုးသားပြိုင်ပွဲမှာ အပိုင်းကိုးပိုင်း၊ တစ်ပိုင်းကို ငါးမိနစ်၊ အဲဒီလိုကစားတဲ့အချိန်မှာ မျိုးတူရှိသလို မျိုးကွဲလည်းရှိတယ်။ အမျိုးသမီးမှာဆိုရင် အပိုင်းခုနစ်ပိုင်း၊ အမျိုးသားအသင်းက ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၃ ခု၊ အမျိုးသမီးအသင်းက ခြောက်သင်း စုစုပေါင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်နေတာဖြစ်ပါတယ်။ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းဟာဆိုရင် မြန်မာတစ်နိုင်ငံတည်းရှိတာဖြစ်ပြီး မြန်မာ့ရိုးရာအမွေအနှစ်အစစ်လည်း ဖြစ်ပါတယ်။ အခုအမျိုးသားအားကစားပွဲတော်မှာ ရိုးရာခြင်းလုံးအားကစားနည်းကို ဖော်ထုတ်ပေးပြီးတော့ နိုင်ငံတော်အကြီးအကဲတွေက ပါဝင်ကစားခွင့်ပြုတယ်။ ပါဝင်ခွင့်ပြုတဲ့အတွက်လည်း ကျေးဇူးတင်တယ်။ မြန်မာ့ရိုးရာခြင်းလုံးတိုးတက်ဖို့ကတော့ အခြေခံကျောရိုးက ရိုးရာလည်းမပျက်အောင်၊ ရှေးမူလည်းမပျက်အောင် ခြင်းကြီး ၁၀ မျိုး၊ ခြင်းလတ် ၁၀ မျိုး စတာတွေကို ပြိုင်ပွဲမှာ ခတ်ကစားရပါတယ်။ ခတ်ကစားပြီးတဲ့အခါကျတော့ ပြိုင်ပွဲခတ်ပေါက်နဲ့ အလှခတ်တာကတော့မတူဘူး။ အလှခတ်တာကတော့ လွတ်လွတ်လပ်လပ်ခတ်လို့ရတယ်။ ကွာခြားချက်ကတော့ အဲဒီလိုရှိတယ်။ ကျွန်တော်တို့ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းက အမြင်တော့လွယ်တယ်။ တကယ်တမ်းကျတော့ တော်တော်ခက်တယ်။ ဒီအားကစားနည်းနဲ့ ကမ္ဘာကိုလွှမ်းဖို့အတွက်ကတော့ ခက်ခဲနက်နဲတဲ့ပညာရပ်ဆိုတော့ ဆီးဂိမ်းပြိုင်ပွဲမှာ ဝင်ရောက်ထိုးဖောက်ပြီး မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ယှဉ်ပြိုင်ကစားလာတာ လေးကြိမ်မြောက်ရှိသွားပါပြီ။ ဆက်လက်ပြီး ဆီးဂိမ်းကနေ အာရှအဆင့်၊ အာရှအဆင့်ကနေ ကမ္ဘာ့အဆင့်ထိရောက်အောင် ဖြစ်နိုင်သမျှ အတတ်နိုင်ဆုံး သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့အတူ ဆက်လက်ပြီး ကြိုးစားသွားမှာပါ။

**မောင်မြတ်စည်သူ**
**စားပွဲတင်တင်းနစ်ပြိုင်ပွဲဝင်**
**မွန်ပြည်နယ်ကိုယ်စားပြု**

ပြင်ဆင်ချိန်ကတော့ နှစ်လတိတိ Camp ဝင်ပြီး တော်တော်လေးကြိုးကြိုးစားစားနဲ့ ပြင်ဆင်ခဲ့ရပါတယ်။ စားပွဲတင်တင်းနစ်ပြိုင်ပွဲရဲ့ အသက် ၁၅ နှစ်အောက်ပြိုင်ပွဲမှာ ဂျပန်နိုင်ငံကိုသွားပြီး ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ အဲဒီမှာ ဆုမရခဲ့ပေမယ့် နိုင်ငံတကာကစားသမားတွေနဲ့ ယှဉ်ပြိုင်ခဲ့ရတာကြောင့် ပြိုင်ပွဲအတွေ့အကြုံတွေတော့ အများကြီးရခဲ့ပါတယ်။ ပြည်တွင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲတွေမှာတော့ ဆုတွေအများကြီးရခဲ့ဖူးပါတယ်။ စားပွဲတင်တင်းနစ်အားကစားက များများလေ့ကျင့်နိုင်လေလေ အောင်မြင်မှုရရှိလေလေဖြစ်ပါတယ်။ မွန်ပြည်နယ်က ပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ မွန်ပြည်နယ်မှာဝင်ပြိုင်ရင်း ပထမရတော့ ရန်ကုန်မှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပါတယ်။ ရန်ကုန်ကနေ တစ်ဆင့် လူရွေးပြီး နိုင်ငံတကာပွဲတွေဝင်ပြိုင်ဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်ကိုယ်စားပြု စားပွဲတင်တင်းနစ်ပြိုင်ပွဲမှာ အမျိုးသားကစားသမား ငါးယောက်၊ အမျိုးသမီးကစားသမား လေးယောက် ယှဉ်ပြိုင်ပါတယ်။ အုပ်စုအဆင့်မှာ ပဲခူးတိုင်းဒေသကြီးအသင်းကိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းနဲ့ ပွဲမှာရှုံးနိမ့်ခဲ့ပါတယ်။ အခု မကွေးတိုင်းဒေသကြီးအသင်းနဲ့ပွဲမှာ အနိုင်ရခဲ့ပါတယ်။ အခုလိုပြိုင်ပွဲတွေကျင်းပပေးတော့ မျိုးဆက်သစ်ကစားသမားတွေလည်း အများကြီးထွက်ပေါ်လာတာပေါ့။ ကျွန်တော့်အနေနဲ့လည်း ကျွန်တော့်ထက်အသက်ငယ်တဲ့ ကလေးတွေကိုလည်း လက်တွဲခေါ်နေပါတယ်။ မွန်ပြည်နယ်မှာ ကျွန်တော်လေ့ကျင့်သင်ကြားပေးထားတဲ့ မျိုးဆက်သစ်ကစားသမား ရှစ်ယောက်ရှိပါတယ်။

**မောင်အောင်ကျော်မိုး**
**ဘိလိယက်/စနူကာ ပြိုင်ပွဲဝင်**
**ကချင်ပြည်နယ်ကိုယ်စားပြု**

ပြင်ဆင်ချိန်သိပ်မရပေမယ့် အခုလိုပြိုင်ပွဲကြီးမှာ ဝင်ပြိုင်ခွင့်ရတာကိုပဲ ဂုဏ်ယူလို့မဆုံးပါဘူး။ အစကတော့ စနူကာထိုးမယ်ဆိုပြီးတော့ 9 ball ပြောင်းသွားလို့ 9 ball အတွက်ပြင်ဆင်ချိန်က တစ်လနီးပါးလောက်ပဲရခဲ့တာပါ။ 9 ball က ကိုယ်ထိုးနေကြကစားနည်း မဟုတ်တော့ အခက်အခဲတော့ရှိပါတယ်။ ဒါပေမဲ့ နိုင်လိုစိတ်ပြင်းထန်တာကြောင့် တတိယဆုရအောင်တော့ ကြိုးစားထိုးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က ကျင်းပတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဆုတံဆိပ်တော့မရခဲ့ပါဘူး။ အခုပြိုင်ပွဲမှာတော့ 9 ball နှစ်ယောက်တွဲရော၊ တစ်ဦးချင်းမှာပါ တတိယဆုတွေရခဲ့ပါတယ်။

**မထက်ထက်ဝေ**
**အမျိုးသမီးစားပွဲတင်တင်းနစ်ပြိုင်ပွဲဝင်**
**မွန်ပြည်နယ်ကိုယ်စားပြု**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ မွန်ပြည်နယ်ကိုယ်စားပြု စားပွဲတင်တင်းနစ်ပြိုင်ပွဲဝင်အဖြစ်ပါဝင်ယှဉ်ပြိုင်ဖို့ အချိန်အများကြီးယူပြီး လေ့ကျင့်ခဲ့ပါတယ်။ ပြိုင်ပွဲယှဉ်ပြိုင်ရတဲ့အခါမှာတော့ အလွန်စိတ်လှုပ်ရှားပါတယ်။ ကျွန်မတို့အမျိုးသမီးစားပွဲတင်တင်းနစ်အသင်းကတော့ ဆီမီးဖိုင်နယ်အဆင့်ကို ရောက်ရှိသွားပြီဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာ ရန်ကုန်တိုင်းဒေသကြီးအသင်းနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အတွေ့အကြုံတွေကတော့ အများကြီးရှိခဲ့ပါတယ်။ ကျောင်းသားအားကစားပွဲတော်တွေမှာ ၂၀၁၁-၂၀၁၂ ခုနှစ်ကတည်းက ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲတွေကတော့ နှစ်တိုင်းဝင်ပြိုင်ဖြစ်ပါတယ်။ ဆုရတာတွေကများနေတော့ ဘယ်နှစ်တွေမှာ ဘာဆုရတယ်ဆိုတာတော့ မမှတ်မိတော့ပါဘူး။ ပြီးခဲ့တဲ့နှစ်ကတော့ အသင်းလိုက်ပြိုင်ပွဲမှာ ဆုမရခဲ့ပေမယ့် နှစ်ယောက်တွဲပြိုင်ပွဲမှာတော့ ကြေးတံဆိပ်ဆုရခဲ့ပါတယ်။ အခုစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဝင်ပြိုင်ရတဲ့အခါ လက်ရည်ချင်းတူရင်တောင် ဆုံးဖြတ်ချက်မြန်မြန်ချနိုင်တဲ့ ကစားသမားကသာ အနိုင်ရရှိတာဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲတွေကျင်းပပေးတာ ကောင်းပါတယ်။ အခုခေတ်မှာ လူငယ်တွေက လူမှုကွန်ရက်စာမျက်နှာတွေအသုံးများတော့ ကျန်းမာရေးထိခိုက်မယ်၊ အားကစားလုပ်နေတော့ ကျန်းမာရေးနဲ့လည်း ညီညွတ်ပါတယ်။ ဒါကြောင့် စိတ်ဝင်စားတဲ့အားကစားကို လုပ်စေချင်တယ်။ ကျွန်မအနေနဲ့လည်း စားပွဲတင်တင်းနစ်အားကစားကို စိတ်ဝင်စားတဲ့ မျိုးဆက်သစ်အားကစားသမားတွေကို လက်တွဲခေါ်နေပါတယ်။

**ခွန်မောင်ခင်**
**အမျိုးသားအလေးမပြိုင်ပွဲဝင်**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

အခုလို နိုင်ငံတော်က တခမ်းတနားကျင်းပပေးတဲ့ ပြိုင်ပွဲကြီးမှာ ဝင်ပြိုင်ဖို့အချိန်အားဖြင့် သုံးလကျော်ကျော် စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ မအားတဲ့အချိန်တွေရှိပေမယ့် အားတဲ့အချိန်မှာ ကြိုးစားလေ့ကျင့်ခဲ့လို့သာ ရွှေတံဆိပ်ဆုရခဲ့တာဖြစ်ပါတယ်။ အခု တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့် အမျိုးသားအလေးမပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရတော့ အလွန်ပဲဝမ်းသာမိပါတယ်။ အရင်က တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲတွေမှာလည်းဝင်ပြိုင်ခဲ့ပါတယ်။ အခုပြိုင်ပွဲမဝင်ခင်က စိတ်တော့နည်းနည်းလှုပ်ရှားတယ်။ စိတ်လှုပ်ရှားပြီး အနိုင်မရမှာကိုလည်း စိုးရိမ်ခဲ့ပါတယ်။ ကျွန်တော့်ကို နည်းစနစ်ကျကျသင်ကြားပေးတဲ့ ဆရာ ဆရာမတွေက အလေးမအားကစားပြိုင်ပွဲမှာ အောင်မြင်မှုရရှိရေး အအိပ်အစားမှန်အောင်လည်း ဂရုစိုက်ပေးလို့ အခုလို အမျိုးသားအလေးမပြိုင်ပွဲမှာ ရွှေတံဆိပ်ရခဲ့တာပါ။ ဒီပြိုင်ပွဲကနေ မျိုးဆက်သစ်အားကစားသမားတွေ များများထွက်ပေါ်ပြီး နိုင်ငံ့အားကစားလောက မြင့်မားရေးအတွက် အထောက်အကူပြုနိုင်တဲ့ အားကစားသမားကောင်း ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

**မဝင်းယမုံ**
**မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲဝင်**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းကို ၂၀၁၃ ခုနှစ်ကတည်းက စတင်လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် အားကစားပြိုင်ပွဲတွေမှာတော့ နှစ်တိုင်းပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလားပြိုင်ပွဲတွေလည်း ဝင်ပြိုင်ပါတယ်။ နှစ်တိုင်းနီးပါး မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲမှာ ဒုတိယရပါတယ်။ အခု ပဉ္စမအကြိမ် အမျိုးသားအားကစား ပြိုင်ပွဲမှာ အမျိုးသား အမျိုးသမီး လေးပေါက်တန်း ပြိုင်ပွဲမှာ ဝင်ပြိုင်နေတာပါ။ ကျွန်မတို့ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ဒီနှစ်မှာအောင်မြင်မှုရရှိဖို့ နှစ်လလောက် ပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာ့ရိုးရာခြင်းလုံးအားကစားက ကြည့်ရင်တော့ လွယ်ပြီး ကျွမ်းကျွမ်းကျင်ကျင်ခတ်တတ်ဖို့ ခက်ပေမယ့် ရိုးရာကိုထိန်းသိမ်းတဲ့အနေနဲ့ လေ့ကျင့်သင်ယူဖြစ်တာဖြစ်ပါတယ်။

---

❖ **ASEAN Cup မှ**

အုပ်စု(A)တွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ မလေးရှားအသင်းက သုံးပွဲကစား လေးမှတ်၊ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစား တစ်မှတ်ရရှိထားကာ တီမောအသင်းမှာမူ သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ အုပ်စု(B) တတိယနေ့အပြီးတွင် ဗီယက်နမ်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ အင်ဒိုနီးရှားအသင်းက သုံးပွဲကစား လေးမှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား နှစ်မှတ်၊ လာအိုအသင်းက သုံးပွဲကစား နှစ်မှတ်၊ မြန်မာအသင်းက နှစ်ပွဲကစား တစ်မှတ်ရရှိထားသည်။

မြန်မာအသင်းသည် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်နှင့် အုပ်စုအောက်ဆုံးနေရာမှ ရုန်းထွက်နိုင်ရန် လာအိုနှင့်ပွဲတွင် မဖြစ်မနေ အနိုင်ကစားရန်လိုအပ်နေသည်။ လာအိုအသင်းသည် အဖွင့်ပွဲတွင် ဗီယက်နမ်ကို ရှုံးနိမ့်သော်လည်း အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ကို နှစ်ပွဲဆက် သရေကစားထားခြင်းဖြစ်သည်။ နှစ်ပွဲဆက် အနိုင်ရထားသည့် ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်အသင်းတို့မှာ နိုင်ပွဲထပ်မံရယူနိုင်ပါက နောက်ဆုံးပွဲမတိုင်မီ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - သော်ကြီး

# သနပ်ပင်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ပဲခူး ဒီဇင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ဦးစွာ သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို သီရိဇေယျာခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့”သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို အခြေခံပညာကျောင်းများ၌ အခြေပြုပြီး စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်ဓလေ့၊ စာကြည့်တိုက်များသို့ ဝင်/ထွက် သွားလာသည့် အလေ့အကျင့်များ ဖြစ်လာစေရန်၊ စာဖတ်ခြင်းကို တန်ဖိုးထားကာ ဉာဏ်ပညာ အတွေးအခေါ်မြင့်မားရေး၊ ဗဟုသုတပြည့်စုံကြွယ်ဝရေးအတွက် စာတတ်သူတိုင်း စာဖတ်ကြရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများဖြစ်လာစေရန် ရည်ရွယ်ကျင်းပပေးရခြင်း ဖြစ်ကြောင်း။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သနပ်ပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် သုတ/ရသ စာအုပ်စာစောင်များကိုလည်းကောင်း၊ ဝေါမြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနား၌ အသိပညာဗဟုသုတများရရှိစေရေး ဟောပြောပေးမည့် စာရေးဆရာမကြီးနှင့် စာအုပ်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခြေခံပညာအထက်တန်းအဆင့် ပထမဆုရရှိသော ပြိုင်ပွဲဝင်ကျောင်းသူတစ်ဦးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကျပန်းစကားပြောခြင်း သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ရာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သီဆို၊ ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကြို့ကုန်း၌ ငါး/ပုစွန်ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအောက်ရှိ ငါးလုပ်ငန်းသင်တန်းကျောင်းများတွင် ငါးလုပ်ငန်းဆိုင်ရာအသိပညာပေးသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ငါး/ပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာသင်တန်းကို ယနေ့တွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းသင်တန်းကျောင်း(ကြို့ကုန်း)၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကြီးငွေတို့က အမှာစကားပြောကြားသည်။ ယင်းနောက် ငါးလုပ်ငန်းသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး (ဒုတိယညွှန်ကြားရေးမှူး)ဦးဝင်းကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဌာနတွင်းဝန်ထမ်း သင်တန်းသား ၁၃ ဦးနှင့် Global Earth Agro and Aqua Industry Public Co., Ltd.၊ May Yu Marine Products Co., Ltd. နှင့် Shan International Co., Ltd. တို့မှ သင်တန်းသား ၁၈ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်ရောက်လူနာများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ **ကျောဖုံးမှ**

ရမှတ် ၃၄ မှတ်ရရှိထားပြီး တစ်ပွဲလျော့အနေအထားမှာ ရှိနေတဲ့ လီဗာပူးအသင်းဟာ ရမှတ် ၃၆ မှတ်နဲ့ ဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နေတာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ ဘရန်းဖို့ဒ်အသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ပွဲကစားချိန် ၄၃ မိနစ်မှာ ကူကူရယ်လာ၊ မိနစ် ၈၀ မှာ ဂျက်ဆင်တို့က သွင်းယူပေးခဲ့ပြီး ဘရန်းဖို့ဒ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၉၀ မှာ အမ်ဘူမိုက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဒီဇင်ဘာ ၁၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပွဲစဉ်တွေမှာတော့ ခရစ္စတယ်ပဲလေ့စ်အသင်းက ဘရိုက်တန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ စပါးအသင်းကဆောက်သမ်တန်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ **ငွေကြယ်**

# ဟင်္သာတတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်အလိုက် အမျိုးသား အမျိုးသမီး အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ဟင်္သာတ ဒီဇင်ဘာ ၁၆

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ်ရှိ ဟင်္သာတ တက္ကသိုလ် အားကစားခန်းမ၌ ယနေ့နံနက် ၉ နာရီက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်အလိုက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်၊ ဘော်လီဘောနှင့် ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။



တက်ရောက်

အခမ်းအနားသို့ ဟင်္သာတ တက္ကသိုလ် အားကစားနှင့် ကာယပညာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးလွင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာချိုကြည်သန်း၊ သင်ကြားရေးဌာနအသီးသီးမှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဘာသာရပ်အသီးသီးမှ ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းများမှ အသင်းသား အသင်းသူ စုစုပေါင်း အင်အား ၁၇၀ ခန့် တက်ရောက်သည်။

အဆိုပါ ဟင်္သာတတက္ကသိုလ် ဘာသာရပ်အလိုက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိလည်းကောင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ လည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အထိ လည်းကောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဖယ်ခုံမြို့နယ်အတွင်း ပြန်လည်နေရာချထားရေးလုပ်ငန်းများဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

ကလော ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေ့ရပ်စွန့်ခွာ တိမ်းရှောင်လျက်ရှိရာမှ ယခုအချိန်အခါတွင် နယ်မြေတည်ငြိမ်အေးချမ်းသွားပြီဖြစ်သည်။

ယခုအခါ ပြည်သူ ၁၂၀၂ ဦး လာရောက်နေထိုင်ရေး စာရင်းပေးသွင်းထားခဲ့ပြီး နေအိမ်၂၂၃ လုံး သန့်ရှင်းရေးဝင်ရောက်ဆောင်ရွက်နေမှု အခြေအနေများ၊ ဒေသခံပြည်သူလူထုနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပြန်လည်နေထိုင်ရေး အခြေအနေများကို ဒီဇင်ဘာ ၁၃ ရက်နံနက် ၉ နာရီက ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်မောင်လေး၊ ခရိုင်လမ်းဦးစီးဌာန အင်ဂျင်နီယာမှူး ဒေါ်စောစန္ဒာသိန်း၊ ခေတ္တခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးငြိမ်းချမ်းနှင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းတို့က ဖယ်ခုံမြို့ပေါ်တွင် ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူများအား ပြန်လည်နေရာချထားနိုင်ရေး၊ ဌာနဆိုင်ရာရုံး ပြန်လည်ဖွင့်လှစ်ရန်အတွက် ဆောင်ရွက်နေကြသော ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ရုံးဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်ရေး၊ မြို့သန့်ရှင်းရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များဆွေးနွေးမှာကြားသည်။

ထို့နောက် ဒေသခံပြည်သူများအတွက် သောက်သုံးရေ အမြန်ဆုံးပြန်လည်ပေးဝေနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ လျှပ်စစ်မီး ပြန်လည်ရရှိစေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

# ယခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏စီးပွားရေး တိုးတက်လာ

ဖနောင်ပင် ဒီဇင်ဘာ ၁၆

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်တွင် တိုးတက်လာခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အထည်ချုပ်မဟုတ်သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမှုနှင့် အထည်ချုပ်လုပ်ငန်းများ တဖြည်းဖြည်း ပြန်လည်ဦးမော့လာမှုတို့ကြောင့် ၂၀၂၄ ခုနှစ်တွင် နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းသည် ခြောက်ရာခိုင်နှုန်းဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး အန်းပွန်မိုနီရော့စ်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် တိုးတက်သည့်အခြေအနေသို့ ရောက်ရှိနေကြောင်း နိုဝင်ဘာလနှောင်းပိုင်းတွင် ပြုလုပ်သည့် ၂၀၂၅ ခုနှစ်ဆိုင်ရာ ဘတ်ဂျက်ဥပဒေဆွေးနွေးပွဲတွင် ၎င်းက ပြောကြားသည်။

၂၀၂၅ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးသည် တိုးတက်မှုနှုန်း ၆ ဒသမ ၃ ရာခိုင်နှုန်းရောက်ရှိရန် မျှော်မှန်းထားပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၃၉ ဘီလီယံအထိ တိုးမြင့်လာမည်ဟု မျှော်မှန်းထားကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

နိုင်ငံသားတစ်ဦးချင်းစီ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် လာမည့်နှစ်တွင် ၂၉၂၄ ဒေါ်လာအထိရှိမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းများ တင်ပို့မှု၊ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေ၊ ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့အပေါ်တွင် အခြေခံထားသည်။



အထည်ချုပ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းများသည် ၂၀၂၅ ခုနှစ်တွင် ၈ ဒသမ ၆ ရာခိုင်နှုန်း ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ကုန်သွယ်မှုနှင့် အိမ်ခြံမြေကဏ္ဍတွင် ၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ၁ ဒသမ ၁ ရာခိုင်နှုန်းအသီးသီးမြင့်တက်လာမည်ဟုခန့်မှန်းထားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူးလ်ပြည်နယ်၌ ဆေးရုံမီးလောင်မှုဖြစ်ပွား၊ ခုနစ်ဦးသေဆုံး

နယူးဒေလီ ဒီဇင်ဘာ ၁၆

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူးလ်ပြည်နယ်ရှိ ပုဂ္ဂလိကဆေးရုံတစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ခုနစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

တမီနာဒူးလ်ပြည်နယ် မြို့တော်ချန်နိုင်းအနောက်ဘက် ကီလိုမီတာ ၄၃၀ အကွာ ဒင်ဒီဂယ်ဒေသ ထရစ်ချီလမ်းရှိ အရိုးဆေးရုံ၏ လေးထပ်မြောက် အဆောက်အအုံတွင် ဝိုင်ယာရှော့ခ် ဖြစ်ပွားခဲ့သည်။

မီးလောင်နေစဉ်အတွင်း ဆေးရုံရှိ ဓာတ်လှေကား၌ ပိတ်မိနေသူခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းပိတ်မိနေသူများတွင် အသက်ရှူကျပ်သည့် လက္ခဏာများကို တွေ့ရှိခဲ့ရသော်လည်း ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းလာခဲ့သည်။ ယင်းမီးလောင်မှုကို အချိန်အတော်ကြာ ငြိမ်းသတ်ခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အီဂျစ်နိုင်ငံတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်

ကိုင်ရို ဒီဇင်ဘာ ၁၆

အီဂျစ်နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှု မြှင့်တင်သည့်အနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို နိုင်ငံတောင်ပိုင်း အက်ဝမ်ဒေသတွင် ဝန်ကြီးချုပ် မူစတာဖာ မတ်ဗော်လီက ဒီဇင်ဘာ ၁၄ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။



၎င်းစက်ရုံ ဖွင့်လှစ်ခဲ့ခြင်းသည် နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှု မြှင့်တင်ခြင်းဆိုင်ရာ အရေးကြီးသည့် ခြေလှမ်းဖြစ်ပြီး နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ခဲ့ခြင်းဖြင့် အာရပ်နိုင်ငံများနှင့် ပြည်ပနိုင်ငံများအား အီဂျစ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**တန် ၇၆၀ အထိ လျှော့ချနိုင်**

ယင်းစက်ရုံသည် အိမ်ခြေ ၂၅၆၀၀၀ ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်ပြီး တစ်နှစ်လျှင် ကာဗွန်ထုတ်လွှတ်မှုကို တန် ၇၆၀ အထိ လျှော့ချနိုင်မည်ဟု သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်းဒေသခံ ၄၅၀၀၀ ကျော် သေဆုံး

ဂျေရုဆလင် ဒီဇင်ဘာ ၁၆

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့များ၏တိုက်ခိုက်မှုကြောင့် လက်ရှိအချိန်အထိ ပါလက်စတိုင်းဒေသခံ ၄၅၀၀၀ကျော်သေဆုံးခဲ့ကြောင်း ဂါဇာဒေသရှိ ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ပြီးခဲ့သည့်တစ်ရက်အတွင်း အစ္စရေးတပ်ဖွဲ့၏တိုက်ခိုက်မှုကြောင့် ၅၂ ဦးသေဆုံးပြီး ၂၀၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် သေဆုံးသူ ၄၅၀၂၈ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၀၆၉၆၂ ဦးအထိ ရှိလာကြောင်း သိရသည်။

လက်ရှိအချိန်တွင် အပျက်အစီးများအကြားတွင် သေဆုံးသူနှင့်ထိခိုက်ဒဏ်ရာရရှိသူများ ထပ်မံရှိနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဒီဇင်ဘာ ၁၆ ရက်တွင် အစ္စရေးလေယာဉ်များက ဂါဇာဒေသမြောက်ပိုင်း ဗိတ်လာဟီယာရှိ အိမ်တစ်လုံးကို လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ငါးဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် ဂါဇာဒေသ အလယ်ပိုင်းရှိ နျူဆာရတ်ဒုက္ခသည်စခန်းအား အစ္စရေးတပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ သုံးဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၆

ပါကစ္စတန်အစိုးရသည် နိုင်ငံအတွင်း ပိုလီယိုရောဂါကင်းစင်ရန်အတွက် ပိုလီယိုရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ပြောကြားသည်။

ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ နိုင်ငံအတွင်းရှိ ကလေးများကို ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးမည်ဟု သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ပိုလီယိုရောဂါဖြစ်ပွားသူ ၆၃ ဦးအထိ ရှိခဲ့သည်။ ၎င်းအစီအစဉ်အရ ကျန်းမာရေးဝန်ထမ်း ၄၀၀၀၀၀ ကျော်သည် ခရိုင် ၁၄၃ ခုရှိ ကလေး ၄၄ သန်းကျော်အား ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးမည်ဖြစ်သည်။

ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးမှုသည် ကလေးများအားရောဂါမှ ကာကွယ်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်းနှင့် နိုင်ငံအတွင်း ပိုလီယိုရောဂါပပျောက်အောင် ဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် ရှာဘတ်ရှာရိဒ်ကပြောကြားသည်။ ကလေးတိုင်း ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးမှု ခံယူရန်အတွက် မိဘများတွင်တာဝန်ရှိကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။ ကာကွယ်ဆေးတိုက်ကျွေးခြင်းဖြင့် ကလေးများ၏ အနာဂတ်ဘဝသာယာမည်ဖြစ်ပြီး နိုင်ငံကို အလုပ်အကျွေးပြုနိုင်သည့် ပညာတတ်များ အများအပြားပေါ်ထွက်လာမည်ဟု ဝန်ကြီးချုပ်က ပြောကြားသည်။



**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဆာမန်ဂန်ပြည်နယ်တွင် ကျောက်မီးသွေးမိုင်းပြိုကျ

ကဘူးလ် ဒီဇင်ဘာ ၁၆

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဆာမန်ဂန်ပြည်နယ်တွင် ဒီဇင်ဘာ ၁၄ ရက်က ကျောက်မီးသွေးမိုင်းတစ်ခုပြိုကျခဲ့ရာ လက်ရှိအချိန်တွင် မိုင်းလုပ်သား ၃၅ ဦး မိုင်းတွင်းထဲတွင် ပိတ်မိနေကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ဆေးဝန်ထမ်းများနှင့်ကယ်ဆယ်ရေးလုပ်သားများအား အခင်းဖြစ်ဒေသသို့ စေလွှတ်ထားကြောင်း ဆေးဘက်ဆိုင်ရာတာဝန်ရှိသူ ဆာယိအူဆမန်ဟမီဒီက ပြောကြားသည်။ မိုင်းလုပ်သားများ လုပ်ငန်းဆောင်ရွက်နေစဉ် မိုင်းပြိုကျမှုဖြစ်ပွားပြီး အပျက်အစီးများကြားတွင် မိုင်းလုပ်သားများ ပိတ်မိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အခင်းဖြစ်ဒေသရှိ ကျေးရွာသားများ၊ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များကလည်း ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် မိုင်းတွင်းပြိုကျမှုများ မကြာခဏဖြစ်ပွားလေ့ရှိရာ မိုင်းလုပ်သားများ အန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ရှိသူများက အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဆိပ်ဖြူမြို့နယ်၌ ဆောင်းသီးနှံ စားတော်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မကွေး ဒီဇင်ဘာ ၁၆**



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ တောင်သူများသည် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ(ကျွန်း) စားတော်ပဲကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိကြောင်း၊ ယခင်နှစ်က စားတော်ပဲ စိုက်ဧက ၁၀၀၀ ခန့်စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၁၅၀၀ ခန့်ထိ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(ကျွန်း)စားတော်ပဲသီးနှံကို နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ရိတ်သိမ်းရကြောင်း၊ စားတော်ပဲကို ရေဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းကျွန်းမြေများတွင် သီးသန့်စိုက်ပျိုးကြပြီး သီးညှပ်စိုက်ပျိုးမှုလည်းရှိကြောင်း၊ မျိုးအနေဖြင့် စားတော်ပဲ တစ်ဧကလျှင် မျိုးစေ့ နှစ်တင်းကျော်ခန့်ကုန်ကျပြီး ကြဲပက်စနစ်ဖြင့်စိုက်ပျိုးသည်။ စားတော်ပဲ သီးနှံသည် ရေလိုအပ်သော သီးနှံဖြစ်၍ အထွက်နှုန်းကောင်းမွန်ရန် မြေအောက်ရေအပြင် ရေသွင်းစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် စားတော်ပဲ ၁၀-၁၅ တင်းခန့် ထွက်ရှိပြီး စားတော်ပဲ တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ငွေကျပ် ၁၅၀၀၀၀၀ ခန့် အမြတ်ရရှိကြောင်း သိရသည်။

ဒီဇင်ဘာလ ဒုတိယပတ်၌ စားတော်ပဲတစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းအပြင် မကွေးမြို့ပေါ်ရှိ သီးနှံပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုအချိန်တွင် စားတော်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပြည်တွင်းသုံးစွဲမှုများပြီး ဈေးကွက်ခိုင်မာမှုရှိသောကြောင့်တောင်သူများအနေဖြင့် နှစ်စဉ်မပြတ် စိုက်ပျိုးကြောင်း သိရသည်။

# ပခုက္ကူမြို့နယ်၌ ဆေးရွက်ကြီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ပခုက္ကူ ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကုက္ကိုလှ၊ ကျွန်းညိုကြီး၊ မြင်းကျွန်း၊ ကျွန်းညို၊ သံပုရာပင်ကုန်း၊ မှိုက်ပင်ကုန်း၊ တင်းဂါတ်ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများတွင် ရေဝတီမြစ်ရိုးတစ်လျှောက်မှ ကိုင်းကျွန်းမြေများတွင် အစေ့ထုတ်ပြောင်း (CP)၊ ငရုတ်၊ ပဲမျိုးစုံနှင့် ကုန်စိမ်းသီးနှံမျိုးစုံကို စိုက်ဧက ၄၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆေးရွက်ကြီးကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ခူးဆွတ်ရိတ်သိမ်းကြကြောင်း၊ မျိုးမှာ ဗမာဆေးရွက်ကြီးမျိုးကို အများဆုံးစိုက်ပျိုးကြပြီး ယခင်နှစ်ကထွက်ရှိသော မျိုးစေ့ကို ပျိုးထောင်စိုက်ပျိုးခြင်းအပြင် ပျိုးပင်ကို ဝယ်ယူ၍လည်း စိုက်ပျိုးကြောင်း၊ မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀၀ ခန့်နှင့် ပျိုးပင်တစ်ပင်ကို ငွေကျပ် ၂၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ ဆေးရွက်ကြီးကို သဲနုန်းမြေအမျိုးအစားတွင် စိုက်ပျိုးကြပြီး မြေအောက်ရေအပြင် ရေလိုအပ်ပါက ရေသွင်းစိုက်ပျိုးကြောင်း၊ ပျိုးထောင်ပြီး ၄၅ ရက်အကြာတွင် မြေပေါ်သို့ချ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် ဆေးရွက်ကြီးပျိုးပင် ၇၀၀၀ ခန့်စိုက်ပျိုးနိုင်ကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ငွေကျပ် သိန်း ၃၀ ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၁၁၀၀ ခန့်ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ - ၁၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ငွေကျပ် သိန်း ၆၀ ခန့် အမြတ်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မျိုး၊ သွင်းအားစု၊ အလုပ်သမားခနှင့် စက်သုံးဆီဝယ်ယူခဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့် ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ယခုအချိန်တွင် ဆေးရွက်ကြီးအပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယခင်နှစ်ကဲ့သို့ ဈေးနှုန်းကောင်းမွန်ပါက တောင်သူများ အကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ဆေးရွက်ကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။





# ဆိပ်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ (ဆောင်း)မြေပဲများ စတင်စိုက်ပျိုး

**မကွေး ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ရွာသစ်၊ ကိုးတောင့်၊ ချင်းတောင်၊ အောက်ဆိပ်၊ မြင်ကဝ၊ ကမ္ဘာ့ကြီးအုပ်စုအတွင်းရှိ ကျေးရွာများ၌ ရေဝတီမြစ်ရိုးတစ်လျှောက်မှ ကိုင်းကျွန်းမြေများတွင် ဆောင်းမြေပဲကို စိုက်ဧက ၁၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မြေပဲသီးနှံကို ဒီဇင်ဘာလဆန်းမှ စတင်စိုက်ပျိုးပြီး မတ်လတွင် တူးဖော်ရိတ်သိမ်းရကြောင်း၊ မျိုးမှာ မြေပဲလုံးဆန်(ဖြူ) S1 အတောင့်သေးမျိုးကို သီးညှပ်သီးနှံအဖြစ် စိုက်ပျိုး၍ မြေပဲမျိုး တစ်တင်းလျှင် ငွေကျပ် ၁၅၂၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရပြီး တစ်ဧကလျှင် မျိုးစေ့နှစ်တင်းခန့် စိုက်ပျိုးရကြောင်း၊ ယခုနှစ်တွင် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် မြေပဲတစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က မြေပဲတစ်ဧကလျှင် ငွေကျပ် ခုနစ်သိန်းခန့်ကုန်ကျပြီး အထွက်နှုန်းမှာ တင်း ၄၀ မှ ၅၅ တင်းအထိ ထွက်ရှိကြောင်း၊ ယခင်နှစ်က မြေပဲတောင့်(အခြောက်) တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀-၃၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေကျပ် ၁၀ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်း ဆီစက်လုပ်ငန်းများအပြင် ချောက်မြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ဒီဇင်ဘာလ ဒုတိယပတ် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းများမှာ မြေပဲတောင့်(အခြောက်) တစ်တင်းလျှင် ငွေကျပ် ၄၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တောင်သူများအနေဖြင့် ဆီထွက်သီးနှံမြေပဲကို မိသားစုစားသုံးဆီဖူလုံမှုရရှိသည့်အပြင် အကျိုးအမြတ်ရရှိခြင်းကြောင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၁၆-၁၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၁၉၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၃၀ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၅၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၈၀၃၅ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၅၀ | ၁၉၀၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၈၀၀၀ | ၈၆၁၅ | ၁၉၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၁၉၀၀၀ | ၃၁၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၁၅၀၀ | ၈၀၅၀ | ၁၀၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၃၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၆၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၈၇၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၆၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၂၀၀ | ၁၁၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၇၀၀ | ၈၆၀၀ | ၈၅၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၃၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၁၇၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၈၀၀ | ၅၁၅၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၁၇၀ | ၁၅၅၀၀ | ၄၅၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၁၅၀ | ၁၉၀၀၀ | ၂၈၅၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၇၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၆၀၀၀ |



ABL APP is now AVAILABLE in both MM and ENG versions!

## အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ သစ်တောဦးစီးဌာန၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ကုမ္ပဏီ/ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ခွင့်ပြုထားရှိသည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများအနက် အောက်ဖော်ပြပါ ကုမ္ပဏီ/ပုဂ္ဂလိက လုပ်ငန်းရှင်များသည် မြေငှားရမ်းခ ကြွေးကျန်များနှင့် ရက်လွန်ဒဏ်ကြေးများ လာရောက်ပေးဆောင်ရန် စာဖြင့်လည်းကောင်း၊ ၁၉-၆-၂၀၂၄ ရက်နေ့နှင့် ၈-၈-၂၀၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာတို့တွင် ကြေညာ၍လည်းကောင်း နှိုးဆော်အကြောင်းကြားထားသော်လည်း ယနေ့အချိန်အထိ လာရောက်ဆက်သွယ်ပေးသွင်းခြင်း မရှိပါသဖြင့် (၂)ပတ်အတွင်း လာရောက်ပေးသွင်းပါရန်နှင့် လာရောက်ပေးသွင်းခြင်းမရှိပါက စာချုပ်စည်းကမ်းနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တတိယအကြိမ် အသိပေးကြေညာအပ်ပါသည်-

| စဉ် | ကုမ္ပဏီ/ လုပ်ငန်းရှင် | တည်နေရာ | သစ်မျိုး | ဧက | ပေးသွင်းရန်ကျန်ရှိမှု |
|---|---|---|---|---|---|
| ၁။ | အေးရှားဂရင်း | ရိုးမကြိုးပြင်ကာကွယ်တော | ကျွန်း | ၆၀၀ | ၂၀၁၈-မီနီဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ မြေငှားရမ်းခနှင့် နောက်ကျဒဏ်ကြေးများ |
| ၂။ | အေးရှားဂရင်း | ရိုးမကြိုးပြင်ကာကွယ်တော | သစ်မာ | ၃၀၀ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိမြေငှားရမ်းခနှင့် နောက်ကျဒဏ်ကြေးများ |
| ၃။ | ဦးအောင်ဟိန်း | ဝွေးသဲကြိုးဝိုင်း၊ အကွက်အမှတ်(၂၄) | ရာဘာ | ၃၀၀ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ မြေငှားရမ်းခနှင့် နောက်ကျဒဏ်ကြေးများ |

**သစ်တောဦးစီးဌာန၊ တောင်ငူခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၂၇၀၊ က/ခ)၊ (အလျား၅၅'xအနံ၁၂ ၁/၂')အမြင့်(၁၇')ရှိ မြေညီထပ်တိုက်ခန်းခေါင်းရင်းခန်းဝယ်ရန် လက်ရှိပိုင်ရှင် ဦးအေးဂျင်း မှတ်ပုံတင်အမှတ်[၈/ရနခ(နိုင်)၀၇၆၁၆၉]အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိုး မှတ်ပုံတင်အမှတ်[၁၂/ဥကတ(နိုင်)၀၃၀၀၂၀]မှ တိုက်ခန်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်းကို တရားဝင်စာချုပ်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝင်းနွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၃၃)**
**ရုံးလိပ်စာ-တိုက်အမှတ်(၁၇၈/ဘီ)၊ (၈)လွှာ၊ ဂန္ဓဝင်နန်းတော်ကွန်ဒို၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-259715588**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ-၂၊ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၃၀၃)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အမာကြည်၊ ISN-၄၅၇၁၂၉ ထံမှ စာချုပ်စာတမ်း အဆက်အစပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ခိုင်သီရိမျိုး [၁၂/ဥကမ(နိုင်)၂၀၅၂၆၅] က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**သစ်တော**
**မှန်လျှင်**
**အသုံးဝင်၊**
**အစဉ်**
**ထာဝရ**
**ထိန်းသိမ်းကြ**

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ Hiway Complex အိမ်ရာ၊ ယုဇနလမ်း၊ (၆)ရပ်ကွက်၊ ၁၂ခန်းတွဲ၆ထပ်တိုက်ရှိသည့် အနက်မှ တိုက်အမှတ်(C)၊ အခန်းအမှတ်(၃၀၅)၊ တတိယထပ်ဟုခေါ်တွင်သည့် အကျယ်အဝန်း(၆၂၅)စတုရန်းပေရှိ တိုက်ခန်း အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းသည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကြည်ဝင်း[၁၂/ဥကတ(နိုင်)၀၅၃၂၁၅]၊ ဒေါ်မြင့်မြင့်ရီ[၁၂/ဥကတ(နိုင်) ၁၀၄၆၉၃]တို့ အမည်ပေါက်တိုက်ခန်းဖြစ်ပါသည်။ ၎င်းတို့ထံမှ အဆိုပါတိုက်ခန်းကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးအောင်ဘုန်းမြင့်[၁၂/လသန(နိုင်)၀၂၁၄၁၅]က ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက(စရန်ငွေ)ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနေလင်းထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၁၅)**
**Ph:09-43159906**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## ရန်ကုန်တက္ကသိုလ်
## နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာန

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာန၊ ရန်ကုန်တက္ကသိုလ်မှကြီးမှူးပြီး Diploma in Political Science (DPS) အပတ်စဉ်(၇) သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ သင်တန်းဝင်ခွင့် အရည်အချင်း | - | အသိအမှတ်ပြု တက္ကသိုလ် တစ်ခုခုမှဘွဲ့ ရရှိပြီးသူများ |
| ၂။ သင်တန်းကာလ | - | (၉) လ |
| ၃။ သင်တန်းစတင် ဖွင့်မည့်ရက် | - | (၆-၁-၂၀၂၅) |
| ၄။ လျှောက်လွှာစတင် ရောင်းချမည့်ရက် | - | (၁၈-၁၂-၂၀၂၄) |
| ၅။ လျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက် | - | (၂၇-၁၂-၂၀၂၄) |
| ၆။ လျှောက်လွှာဝယ်ယူရန်နှင့် လျှောက်လွှာ လက်ခံမည့်နေရာ | - | နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာန၊ ဝေသာလီ ဆောင်၊ ဒဂုံလမ်း၊ ရန်ကုန်တက္ကသိုလ်။ |
| ၇။ သင်တန်းအချိန် | - | နံနက် ၇:၀၀ မှ ၉:၀၀ ထိ (တနင်္လာနေ့မှ သောကြာနေ့) |
| ၈။ ဆက်သွယ်ရမည့်လိပ်စာ | - | နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာန ရုံးခန်း၊ ဝေသာလီဆောင်၊ ဒဂုံလမ်း၊ ရန်ကုန်တက္ကသိုလ်။ |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ ပိတောက်လမ်းနေ ဦးသန်းဝင်း[၇/ရတရ(နိုင်)၀၃၂၉၀၆]-ဒေါ်မြိုင်[၇/ရတရ(နိုင်)၀၅၈၃၅၉]တို့၏သား မောင်ဝင်းခန့်ပိုင်[၇/ရတရ(နိုင်)၁၃၁၂၇၈] သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဝင်း - ဒေါ်မြိုင်**

## မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၉)လမ်း၊ မြေကွက်အမှတ်(၃၂၃)၊ ဧရိယာ(၂၅ x ၅၀)ပေ ဒေါ်ဆွေဆွေခိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်အား ဂရန်အမည်ပေါက် ဒေါ်ဆွေဆွေခိုင် [၁၂/ကမရ(နိုင်)၀၄၃၉၉၆] ထံမှ (၂-၂-၂၀၂၃) ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက် ရရှိခဲ့သော ဒေါ်ယမင်းအေး [၁၄/ဘကလ(နိုင်)၀၀၉၈၁၇] က တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးအုံးမြင့်က အပြီးအပြတ် ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်နွယ်ဝင်း (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၄၁၃)**
**အမှတ် - ၁၁၇၇၊ သုခမ္မာလမ်းမကြီး၊ (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၉၆၄၅၂၅၀၇၄၊ ၀၉-၄၀၂၅၁၂၉၀၁**

## (၁၀-၁၂-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၃၀) တွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်း၊ အေဝမ်းကွန်ဒို၊ အမှတ်-၁၄၈၊ အခန်း - ဘီ/၃ အကျယ်အဝန်း (၂၄၀၀) စတုရန်းပေရှိ (Con-3) ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်ကြောင်း အသိပေးကြေညာခြင်း

သမဝါယမဘဏ်လီမိတက်သည် ဒေါ်လေးစိန် [၁၂/လသန(နိုင်) ၀၀၉၁၁၅] အပေါ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားမအယူခံမှုအမှတ် - ၅၉၆/ ၂၀၂၄ တွင် ချမှတ်ခဲ့သည့် (၂၀-၉-၂၀၂၄) ရက်စွဲပါ အမိန့်ဒီကရီအရ ငွေကျပ် ၁၂၂၅၅၁၁၉၇၅/ (ကျပ်တစ်သောင်းနှစ်ထောင်နှစ်ရာငါးဆယ့်ငါးသိန်းတစ်သောင်းတစ်ထောင့်ကိုးရာခုနစ်ဆယ့်ငါးတိတိ) ကို မူလရုံးတွင် တရားစွဲဆိုသည့်နေ့မှ ဤအယူခံရုံးက ဒီကရီချမှတ်သည့်နေ့အထိ ငွေ ၁၀၀ ကျပ် အပေါ် တစ်နှစ်လျှင် ၉% အတိုးဖြင့်လည်းကောင်း၊ အဆိုပါ စုစုပေါင်းငွေအပေါ်တွင် အယူခံရုံးက ဒီကရီချမှတ်သည့်နေ့မှ ငွေအပြေအကျေပေးဆပ်သည့်နေ့အထိ ငွေ ၁၀၀ ကျပ်အပေါ် တစ်နှစ်လျှင် ၉% အတိုးဖြင့်လည်းကောင်း ပေးစေရန် အမိန့်ဒီကရီချမှတ်ထားရာ အဆိုပါ အမိန့်ဒီကရီအား မူလရုံးတွင် ဇာရီမှုဖွင့်လှစ်ရန်ဆောင်ရွက်ဆဲတွင် ၎င်းပိုင်ဆိုင်သည့် အထက်ပါကွန်ဒိုတိုက်ခန်းအား ရောင်းချရန်ပြုလုပ်ခဲ့ခြင်းမှာ သမဝါယမဘဏ်ရရှိထားသည့် အမိန့်ဒီကရီကို ထိခိုက်မှုဖြစ်စေသဖြင့် အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထက်ကို ( LL.B )**
**အထက်တန်းရှေ့နေ ( စဉ်-၄၁၆၂၄ )**
**အမှတ် - ၁၂၂၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၈၅၅၈၄၃၀၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပိတောက်ဥယျာဉ်အိမ်ရာ (Padauk Garden Development)၊ တိုက်အမှတ် - PSH - 63 ဟုခေါ်တွင်သည့် အကျယ်အဝန်းဧရိယာ (၃၀၄၇) စတုရန်းပေရှိ လူနေဆိုင်ခန်း Shop Houses (Type -2) အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် FMI Garden Development Limited ထံမှ (၁၁-၃-၂၀၂၃) ရက်စွဲပါ စာချုပ်နံပါတ် - PSH-63-210-M ဖြင့် ရောင်းသူ ဦးတင်ဆွေအောင် [၁၃/တကန(နိုင်)၂၃၉၃၂၂]မှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းသူမှ မိမိသာလျှင် အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချခွင့်ရှိသည့်မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ငါးပျဉ်းမကျေးရွာ၊ စပယ်လမ်း၊ ဧရိယာ (၂၂ ပေ x ၈၀ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် အဆင့်ဆင့်စာချုပ်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်လက်ရောက် ရရှိခဲ့သော ဒေါ်အေးလဲ့ခိုင် [၈/တတက(နိုင်)၁၇၉၂၆၀] သည် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝေဝေဟန် [၁၂/သကတ(နိုင်)၁၄၅၃၇၃]က အပြီးအပြတ်ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်နွယ်ဝင်း (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၄၁၃)**
**အမှတ် - ၁၁၇၇၊ သုခမ္မာလမ်းမကြီး၊ (၂) ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၉၆၄၅၂၅၀၇၄၊ ၀၉-၄၀၂၅၁၂၉၀၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁-E)၊ မြေကွက်အမှတ် (V-၆၁)၊ ဧရိယာ (၀. ၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ် (၁၂)၊ (၁၁၀)လမ်း၊ တောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးမောင်ဖေကြည် အမည်ပေါက် နှစ် (၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမောင်ဖေကြည်ထံမှ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ် ၃၇၈/၁၉၈၃ (၃-၆-၁၉၈၃)ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဟုတ်စိန်၊ ဒေါ်တင်နု၊ ဦးမျိုးတင့်၊ ဒေါ်နုနုဝင်း၊ ဒေါ်မိုးကြည် တို့အား တရားပြိုင်ထားကာ ဦးမြင့်အောင်မှ တရားလိုပြုလုပ်၍ ဗိုလ်တထောင်ခရိုင်တရားရုံး တရားမကြီးမှုအမှတ်၊ ၇၀၂/၂၀၂၂ ဖြင့် ဝယ်ယူထားသည့် မြေနှင့် အိမ်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့မှုအပေါ် အနိုင်ဒီကရီချမှတ်ခဲ့သည့် (၂၃-၆-၂၀၂၃) ရက်စွဲပါ စီရင်ချက်၊ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်၊ ၆၆/၂၀၂၃ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၈-၃-၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း၊ တာဝန်ခံမိတ္တူမှန်နှင့် ထုံးပုံကျ အပြီးသတ်အမိန့်၊ ဗိုလ်တထောင်ခရိုင်တရားရုံးမှ (၂၂-၄-၂၀၂၄)ရက်စွဲပါစာအမှတ်၊ ၆၄၈/တွဲခရိုင် (၁)/၂၀၂၄ ဖြင့် တရားနိုင် ဦးမြင့်အောင် မှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဒုတိယဦးစီးမှူး ဒေါ်အင်ကြင်းဆွေ (တ/၃၈၁၆) အား ခန့်အပ်ပြီးဖြစ်ကြောင်း ဌာနသို့ အကြောင်းကြားစာနှင့် ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့နှင့်အတူ မြေစာရင်းမှတ်ချက် (၁)ရှိ စာအမှတ်၊ ၈၄၄ (၂၅-၁၁-၆၀)အရ ကန့်ကွက်သူ မောင်မြင့်သိန်းနှင့် ဒေါ်ခေင်တို့မှ ကန့်ကွက်ထားခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်သူ ဦးမြင့်သိန်းနှင့် ဒေါ်ခေင်တို့မှာ မြေပိုင်ဆိုင်ခွင့်ရှိသူ မြေအမည်ပေါက်များမဟုတ်ဘဲ လွန်ခဲ့သော နှစ်ပေါင်း (၆၄)နှစ်ခန့်က ကန့်ကွက်ထားခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့မှာ ယခုအခါတွင် အသီးသီး ကွယ်လွန်သွားကြပြီးဖြစ်ကြောင်းအား စုံစမ်းသိရှိရပါကြောင်း၊ မြေစာရင်းမှတ်ချက်(၂)ရှိ ၁၉၉၆-ခုနှစ်တွင် ဦးမျိုးတင့်+ ၄ မှ မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့် စပ်လျဉ်း၍ အရောင်းအဝယ်စာချုပ် မှတ်ပုံမတင်ပေးသည့်အတွက် ဦးဟုတ်စိန် + ၄ တို့အား တရားပြိုင်ထားကာ ဦးမြင့်အောင် မှ တရားလိုပြုလုပ်၍ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်၊ ၇၀၂/၂၀၂၂ နှင့် တရားမဇာရီမှုအမှတ်၊ ၆၆/၂၀၂၃ တို့အရ တရားစွဲဆိုရခြင်းဖြစ်ပါကြောင်း၊ မြေစာရင်းမှတ်ချက် (၁) (၂)တို့နှင့် ပတ်သက်ပြီးဖြစ်ပေါ်လာသော ကိစ္စအဝဝကို တရားနိုင်မှ တာဝန်ယူပါကြောင်း တရားနိုင် ဦးမြင့်အောင်၏ (၃၀-၈-၂၀၂၄)ရက်စွဲပါ ရှင်းလင်းတင်ပြစာတို့အား တင်ပြ၍ တရားရုံးများကိုယ်စား ဒုတိယဦးစီးအရာရှိ (ဘီလစ်) ဒေါ်အင်ကြင်းဆွေ [၁၂/ဗဟန(နိုင်)၁၀၁၀၂၁]မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# Union Civil Service Board
## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၃/၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
( ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် )

၁။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၁၉)ခုတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် Online စနစ်ဖြင့် e-Recruitment and Selection System (e-RSS) (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based) တို့ကို အသုံးပြု၍ ၁၂-၁-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ဝင်ရောက်လျှောက်ထားနိုင်ပါသည်-

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | ရာထူး | လစ်လပ် |
|---|---|---|---|
| (က) | **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး** | ဦးစီးအရာရှိ | ၃ နေရာ |
| (ခ) | **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး** | ဦးစီးအရာရှိ | ၇ နေရာ |
| (ဂ) | **ကာကွယ်ရေးဝန်ကြီးဌာန** | | |
| | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံး | မန်နေဂျာ**(အမျိုးသား)** | ၁ နေရာ |
| (ဃ) | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** | | |
| | (၁) စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ဦးစီးအရာရှိ | ၁၅ နေရာ |
| | (၂) စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | ဦးစီးအရာရှိ | ၁၂ နေရာ |
| | (၃) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | လက်ထောက်မန်နေဂျာ | ၄ နေရာ |
| | (၄) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး | ဦးစီးအရာရှိ | ၄ နေရာ |
| (င) | **ပြန်ကြားရေးဝန်ကြီးဌာန** | | |
| | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | စာတည်း(ဘာသာပြန်) | ၁ နေရာ |
| (စ) | **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန** | | |
| | (၁) အနုပညာဦးစီးဌာန | ဦးစီးအရာရှိ(အသံ/စီမံ/ရိုက်ကူးရေး) | ၃ နေရာ |
| | (၂) အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) | လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)**(အမျိုးသား)** | ၁ နေရာ |
| (ဆ) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | |
| | (၁) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | ဦးစီးအရာရှိ(မြို့ပြ)**(အမျိုးသား)**/ ဦးစီးအရာရှိ(ငွေစာရင်း) | ၂၂ နေရာ |
| | (၂) စီမံကိန်းဦးစီးဌာန | ဦးစီးအရာရှိ | ၁၀ နေရာ |
| | (၃) စက်မှုလယ်ယာဦးစီးဌာန | ဦးစီးအရာရှိ(စက်မှု)**(အမျိုးသား)** | ၂၀ နေရာ |
| | (၄) ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာန | ဦးစီးအရာရှိ[မြေစာရင်း/စိုက်ပျိုးရေး/(ဆည်/မြောင်း)/ရေအရင်းအမြစ်/(စက်မှု/လယ်ယာ)/(မွေး/ကု)/ငါးလုပ်ငန်း] **(အမျိုးသား/အမျိုးသမီး)** | ၁၈၁ နေရာ |
| | (၅) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | လက်ထောက်သုတေသနအရာရှိ/ လက်ထောက်မန်နေဂျာ | ၁၆ နေရာ |
| (ဇ) | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** | | |
| | (၁) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးဌာနများ | ဦးစီးအရာရှိ/လက်ထောက်အင်ဂျင်နီယာ | ၉ နေရာ |
| | (၂) ယွန်းပညာကောလိပ်(ပုဂံ) | လက်ထောက်ကထိက | ၅ နေရာ |
| | (၃) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) | လက်ထောက်ကထိက/ လက်ထောက်မန်နေဂျာ (စနစ်) | ၁၀ နေရာ |
| | (၄) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) | လက်ထောက်ကထိက | ၁၂ နေရာ |
| | (၅) သမဝါယမကောလိပ်(ဖောင်ကြီး၊မန္တလေး) | လက်ထောက်ကထိက | ၁၇ နေရာ |
| (ဈ) | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** | | |
| | (၁) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | ဦးစီးအရာရှိ/လက်ထောက်အင်ဂျင်နီယာ | ၁၂ နေရာ |
| | (၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ဦးစီးအရာရှိ | ၃၀ နေရာ |
| | (၃) မြေတိုင်းဦးစီးဌာန | ဦးစီးအရာရှိ**(အမျိုးသား/အမျိုးသမီး)** | ၇ နေရာ |
| | (၄) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | လက်ထောက်မန်နေဂျာ (သတ္တုတွင်း/သတ္တု) | ၁၉ နေရာ |
| | (၅) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | လက်ထောက်မန်နေဂျာ (သတ္တုတွင်း/သတ္တု)**(အမျိုးသား)** | ၈ နေရာ |
| (ည) | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** | | |
| | (၁) လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ(စီမံ/ဘဏ္ဍာ/ပစ္စည်း/စက်လျှပ်)**(အမျိုးသား/အမျိုးသမီး)** | ၃၈ နေရာ |
| | (၂) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန | ဦးစီးအရာရှိ(မြို့ပြ/စက်မှု/လျှပ်စစ်/ဘူမိ/မိုင်း/ငွေစာရင်း/ကွန်ပျူတာ)**(အမျိုးသား/အမျိုးသမီး)** | ၃၁ နေရာ |
| | (၃) လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | လက်ထောက်အင်ဂျင်နီယာ (စက်မှု/လျှပ်စစ်)**(အမျိုးသား/အမျိုးသမီး)** | ၁၆ နေရာ |
| | (၄) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ/ဥပဒေ) | ၁၄ နေရာ |
| | (၅) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) | ၈ နေရာ |
| (ဋ) | **စွမ်းအင်ဝန်ကြီးဌာန** | | |
| | (၁) ဝန်ကြီးရုံး | ဦးစီးအရာရှိ | ၅ နေရာ |
| | (၂) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | လက်ထောက်ဘူမိဗေဒအရာရှိ**(အမျိုးသား)** | ၃ နေရာ |
| | (၃) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | ဌာနခွဲမှူး/အလုပ်ရုံခွဲမှူး | ၆ နေရာ |
| (ဌ) | **စက်မှုဝန်ကြီးဌာန** | | |
| | (၁) အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း | အလုပ်ရုံခွဲမှူး | ၁၂ နေရာ |
| | (၂) မြန်မာ့ဆေးဝါးလုပ်ငန်း | အလုပ်ရုံခွဲမှူး | ၃၀ နေရာ |
| (ဍ) | **အလုပ်သမားဝန်ကြီးဌာန** | | |
| | (၁) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | နည်းပြအရာရှိ | ၁ နေရာ |
| | (၂) အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန | ဦးစီးအရာရှိ(အလုပ်ရုံ)**(အမျိုးသား)** | ၁ နေရာ |
| (ဎ) | **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန** | | |
| | (၁) နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန | လက်ထောက်ကထိက | ၂၀၀ နေရာ |
| | (၂) အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန | လက်ထောက်ကထိက | ၁၂၉ နေရာ |
| | (၃) နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | ဦးစီးအရာရှိ/သုတေသနအရာရှိ | ၇ နေရာ |
| | (၄) လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | ဦးစီးအရာရှိ | ၂ နေရာ |
| (ဏ) | **ကျန်းမာရေးဝန်ကြီးဌာန** | | |
| | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | လက်ထောက်အင်ဂျင်နီယာ | ၈ နေရာ |
| (တ) | **အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန** | | |
| | (၁) အားကစားနှင့်ကာယပညာဦးစီးဌာန | အားကစားမှူး/လက်ထောက်အင်ဂျင်နီယာ | ၆ နေရာ |
| | (၂) လူငယ်ရေးရာဦးစီးဌာန | ဦးစီးအရာရှိ | ၂ နေရာ |
| (ထ) | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | | |
| | လမ်းဦးစီးဌာန | ဦးစီးအရာရှိ(စီမံ)**(အမျိုးသား/အမျိုးသမီး)** | ၄ နေရာ |
